မန္တလေး ~ နန်းရှေ့ ~ မှန်ကျောင်းမှ



# ပညာဂုဏ်ရည်
# ရှင်ကျင့်ဝတ်



၁

ပညာဂုဏ်ရည် စာပေ
အမှတ်-၄၅၅-ကောလိယလမ်း-၁၃-ရပ်ကွက်-ကောင်ဥက္ကလာပမြို့

၈၃၁၂

# ရှေးမူဟောင်းတွင်

စာပြန်ပွဲဝင် ရှင်သာမဏေများအတွက်
အမေးအဖြေကဏ္ဍ ဖြည့်စွက်၍
အထူးစီစဉ်အပ်သော

မန္တလေးမြို့၊ နန်းတော်ရှေ့
**မှန်ကျောင်းမူ**

# ပညာ့ဂုဏ်ရည်ရှင်ကျင့်ဝတ်

ဦးစံကြည် (သိရိပဝရ-ဓမ္မာစရိယ)
တည်းဖြတ်ပြင်ဆင်သည်။

ကာယသုခ
စာပေ

**ကာယသုခ စာပေတိုက်**
အမှတ် ၁၄၄၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

F. 1

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ထမ္ပရေအ။

၁၉၇၂ ခု၊ နိုဝင်ဘာလ။

ပထမ အကြိမ် အုပ်ရေ ၅၀၀၀။

အဖုံးရိုက် ကာယသုခ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၅၉၄၂)

ပုံနှိပ်ထုတ်ဝေသူ

ဒေါ်အုန်းမြိုင် (မြဲ-ထုတ်-၀၁၄၀၊ ပုံ-၀၁၅၇၆)
ကာယသုခ ပုံနှိပ်တိုက် နှင့် စာပေတိုက် အမှတ် ၁၄၁၊
၃၁-လမ်း ရန်ကုန်မြို့က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

မြတ်စွာဘုရားသခင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်ဖြင့် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူပြီးနောက်(၇)ရက်မြောက်သော နေ့တွင် ရဟန်းတော် ပေါင်းနှစ်သောင်း ခြံရံလျက်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူ၏၊ ထိုအခါ ရာဟုလာ မယ်တော် ယသော်ဓရာ မိဖုယားသည် သားတော် ရာဟုလာကို တန်ဆာဆင်ပြီးလျှင်"ရဟန်းတော်ပေါင်း နှစ်သောင်း ခြံရံလျက် ကြွလာ၍ ဆွမ်းဘုဉ်းပေးတော်မူသော ဤရဟန်းတော်သည် သင်၏ ခမည်းတော်တည်း၊ သင့်ခမည်းတော်ထံ သွား၍ အမွေတောင်းလေလော့" ဟု စေလွှတ်သဖြင့် အဘ ဟူသော ချစ်ခြင်း ကိုရ၍ ဝမ်းမြောက် ရွှင်လန်းစွာ "အရှင်ရဟန်း.... အရှင်ရဟန်း၏ အရိပ်တော်သည် ချမ်းသာလှပါပေ၏" ဟု ပြောဆို၍ အနီး၌ ထိုင်နေလေ၏။

ဘုရားရှင်သည် ဆွမ်းဘုဉ်း ပေးပြီး၍ အနုမောဒနာ ပြုပြီးလျှင် နေရာမှ ထတော်မူသောအခါ ရာဟုလာ မင်းသားသည် "အရှင်ရဟန်း...အကျွန်ုပ်အား အမွေ ပေးပါလော့၊ အကျွန်ုပ်အား အမွေပေးပါလော့"ဟု နောက်မှ အစဉ်လိုက်၍ ကျောင်းတော်သို့ရောက်လျှင်၊ ဘုရားရှင်က "ငါ့သားတော်သည် ခမည်းတော်၏ အမွေအနှစ်ဖြစ်သော လောကီဥစ္စာကို အလိုရှိခဲ့ပေ၏။ လောကီဥစ္စာ ဟူသည် ဆင်းရဲပင်ပန်းခြင်းနှင့်တကွ ဖြစ်ခဲ့ပေ၏။

# နိဒါန်း

ငါ့သားတော်အား ဆင်းရဲပင်ပန်းခြင်းနှင့် မယှဉ်သော လောကုတ္တရာ အမွေအနှစ်ကို ပေးမည်" ဟု ကြံစည်တော်မူ၍၊ အရှင်သာရိပုတ္တရာကို ခေါ်တော်မူပြီးလျှင် "ချစ်သား သာရိပုတ္တရာ.... ဤရာဟုလာမင်းသားသည် အမွေတောင်းရန် လာခဲ့၏၊ သူ့အား လောကုတ္တရာဖြစ်သော သာသနာ့ အမွေကို ရခြင်းငှာ ရှင်ပြုပေလော့" ဟု မိန့်တော်မူသဖြင့်၊ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ် ပြု၍ ရှင်ပြုပေးလိုက်၏။

ဗုဒ္ဓဘာသာဝင် ဟူသမျှတို့သည် ဘုရားရှင်၏ သားတော်အား အမွေပေးပုံကို နည်းယူပြီးလျှင် သားယောက်ျားကလေးများ ထွန်းကားလာလျှင် "ငါတို့သားကလေးအား သာသနာ့ အမွေကိုပေးမည်" ဟု ရှင်ပြုပေးရန် ကြံစည်စိတ်ကူးလျက် ပစ္စည်း ဥစ္စာ ရှာဖွေစုဆောင်း၍ ရှင်ပြုနိုင်သော အရွယ်ရောက်သည်နှင့် တပြိုင်နက် ရှင်ပြုပေးကာ သာသနာ့အမွေကို ခံယူစေကြပြီးလျှင် မိမိတို့သည် သာသနာတော်၏ ဆွေမျိုးအဖြစ်သို့ ရောက်ရှိကြလေသည်၊ ယင်းသို့ မိဘများက စိတ်အား ထက်သန်စွာ သားကလေးများကို သာသနာ့အမွေ ခံယူစေခဲ့ကြသော်လည်း ဘုရားရှင် ချထားတော်မူခဲ့သော မူနှင့်စည်းကမ်းကို စနစ်ကျစွာ မသိရှိ မလိုက်နာနိုင်ကြသဖြင့် အကျိုးရှိသင့်သလောက် မရှိဘဲ ဖြစ်တတ်လေသည်၊ ဘုရားရှင်သည် ရှင်ပြုခြင်းနှင့် ပတ်သက်၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော ရည်ရွယ်ချက်ထား ရမည် ဟူသောမူကို၎င်း၊ ရှင်သာမဏေများ လိုက်နာကျင့်ကြံရန် စည်းကမ်း ဥပဒေများကို၎င်း စီရင်တော်မူခဲ့ပေသည်။

# နိဒါန်း

ယင်းမှုနှင့် စည်းကမ်းကို စနစ်တကျ လိုက်နာကြရန် ရည်သန်လျက် ရှေးဆရာတော်ကြီးများလည်း ထိုထိုပါဠိတော်၊ အဋ္ဌကထာတို့မှ ထုတ်နုတ်၍ ရှင်သာမဏေ နှင့် ဆိုင်သော ရှင်ပြုပုံ၊ ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ် များကို "ရှင်ကျင့်ဝတ်" ဟူသော အမည်ဖြင့်စီစဉ်ထားရှိခဲ့ကြရာ၊ ကျွန်ုပ်တို့ ပညာဂုဏ်ရည်စာပေ က မန္တလေးမြို့ အရှေ့ပြင် မှန်ကျောင်း ဆရာတော်ကြီး ရေးသားတော်မူခဲ့သော ရှင်ကျင့်ဝတ် ပေမူ တဆူကိုရရှိ၍၊ အဆင့်ဆင့် ကူးယူမှုကြောင့်ချွတ်ယွင်းချက် အနည်းငယ်မျှကို ပြင်ဆင်ပြီးလျှင်၊ စာမေးပွဲဝင် ရှင်သာမဏေများ အတွက် "ရှင်ကျင့်ဝတ် အမေးအဖြေ" ဟူသော ကဏ္ဍတခု ထည့်သွင်းလျက် စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ဂန္ထာရမှ........

## ရှင်ပြုပုံ အစီအစဉ်

၁။ ဆရာထံသို့ သင်္ကန်း ပေးအပ်ပုံ .... .... ၁၀
၂။ ဆရာ့ထံမှ သင်္ကန်း တောင်းယူပုံ .... .... ၁၀
၃။ သင်္ကန်း ဝတ်ပြီးနောက် နှုတ်ဆုံးသွင်းရန် .... ၁၁
၄။ ရှင်အဖြစ် တောင်းပုံ .... .... .... ၁၁
၅။ သီလ ခံယူ ဆောက်တည်ပုံ .... .... ၁၂
၆။ ဥပဇ္ဈာယ် ယူပုံ .... .... .... ၁၇

## ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ

၇။ သင်္ကန်း၌ ဆင်ခြင်ပုံ .... .... .... ၁၈
၈။ ဆွမ်း၌ ဆင်ခြင်ပုံ .... .... .... ၁၈
၉။ ကျောင်း၌ ဆင်ခြင်ပုံ .... .... .... ၂၀
၁၀။ ဆေး၌ ဆင်ခြင်ပုံ .... .... .... ၂၁
လိင်(၁၀)ပါး ပါဠိအနက် .... .... ၂၃
ဒဏ်(၁၀)ပါး ပါဠိအနက် .... .... ၂၅
သေခိယ ပါဠိအနက် .... .... .... ၂၇
ခန္ဓကဝတ် ပါဠိအနက် .... .... .... ၄၆
ရှင်ကျင့်ဝတ် အမေးအဖြေ .... .... ၅၁
ရှင်မဟာ သီလဝံသ ဆုံးမစာ .... .... ၇၉



# ပညာ့ဂုဏ်ရည်ရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘ

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ သာသနာတော်မြတ်ကြီး၏၎င်း၊ လောကဿစ၊ လူအပေါင်း၏၎င်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ ကြီးပွါးခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ ဒေဝေါ၊ သာသနာတော်စောင့်နတ်၊ လောကပါလနတ်တို့သည်။ သာသနမ္ပိစ၊ သာသနာတော်မြတ်ကြီးကို၎င်း။ လောကဉ္စ၊ လူအပေါင်းကို၎င်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တရားသဖြင့် စောင့်ရှောက်နိုင်ကြပါစေ ကုန်သတည်း။

# ရှင်ပြုပုံအစီအစဉ်

## ဆရာ့ထံသို့သင်္ကန်း ပေးအပ်ပုံ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ
ကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာ
ဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
( ၃–ခေါက်ရွတ် )

အရှင်ဘုရား....အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ အကျွန်ုပ်လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ အကျွန်ုပ်အား အစဉ်သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်ကို ရဟန်း,သာမဏေ ပြုတော်မူပါ အရှင်ဘုရား။

---

## ဆရာ့ထံမှသင်္ကန်းတောင်းယူပုံ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ
ကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာ
ဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။
( ၃-ခေါက်ရွတ် )

အရှင်ဘုရား... အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ အရှင်ဘုရားလက်တော်၌ ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ အကျွန်ုပ်အား အစဉ်သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်ကို ရဟန်း, သာမဏေ ပြုတော်မူပါ အရှင်ဘုရား။

## သင်္ကန်းဝတ်ပြီးနောက် နှုတ်လုံးသွင်းရန်

ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣဒံ စီဝရံ အဇိဂုစ္ဆနီ
ယံ၊ ဣဒံ မမ ပုတိကာယံ ပတွာန အတိဝိယ
ဇိဂုစ္ဆနီယဘာဝံ ပါပုဏာတိ။

အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော ဤသင်္ကန်းသည် စက်ဆုပ်ရွံရှာဖွယ်မရှိသော ဤသင်္ကန်းသည် အပုပ်အသိုးဖြစ်၍နေသော အကျွန်ုပ်၏ ခန္ဓာကိုယ်သို့ ရောက်ခဲ့မှုကား အလွန်လျှင် စက်ဆုပ်ရွံရှာဘွယ်ရှိသော အဖြစ်သို့ရောက်ပေလတ္တံ့။

---

## ရှင်အဖြစ်တောင်းပုံ

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။
ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစ
နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစ
နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ တည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်း, သာမဏေ အဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏။

၃၇၇၀

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာ တည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရဟန်း့ သာမဏေ အဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ် မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက် ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရဟန်း့ သာမဏေ အဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏။

---

## သီလခံယူဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသသာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ တိသရဏေန၊ သုံးပါးသော သရဏဂုံနှင့်။ သဟ၊ တကွ။ ဒသသာမဏေရ ပဗ္ဗဇ္ဇာသီလံ၊ ဆယ်ပါးသော သာမဏေ သီလဖြစ်သော။ ခမ္မံ၊ ကျင့်ဝတ် တရားကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ အနုကမ္ပံ၊ သနားခြင်း ၌ ချီးမြောက်ခြင်းကို။ ဥပါဒါယ၊ ပြု၍။ သီလံ၊ ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော သီလကို။ ဒေထ၊ ပေးတော်မူပါ ကုန်လော။

(ဒုတိယမ္ပိ၊ နှစ်ကြိမ် မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ် မြောက်လည်း ဆက်၍ ဆိုလေ)။

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။

အာမဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ရွတ်)

အရဟတော၊ သံသရာစက်၏ အကန့်ကို ချိုးဖဲ့ဖျက်ဆီး တော်မူတတ်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မိမိအလိုလို သစ္စာလေး ပါး တရားကို သိတော်မူပြီးသော၊ တဿဘဂဝတော၊ ထိုမြတ် စွာဘုရားအား။ နမော-နမက္ကာရော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>
ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>
သံဃံ သရဏံ ဂစ္ဆာမိ။ ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော် မြတ်ကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(ဒုတိယမ္ပိ၊ နှစ်ကြိမ် မြောက်လည်း။ တတိယမ္ပိ သုံးကြိမ် မြောက်လည်း ဆက်၍ အနက်ပေးလေ)။

တိသရဏ ဂမန် ပရိပုဏ္ဏံ။

အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မ စရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလ ဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည် ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်း မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ် ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယာ၊ မေထုန်နှင့်စပ်သော မမြတ်သော အ ကျင့်ကို ကျင့်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ် ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာ ဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်

ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သုရာငါးပါး၊ မေရယငါးပါးတည်းဟူသော ဆယ်ပါးသော ယစ်မျိုးတို့ကို သောက်စားခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ကောင်းစွာ ဆောက်တည်ပါ၏။

၆။ ဝိကာလ ဘောဇနာ၊ နေမွန်းလွဲပြီးသော ကာလ၌ ခဲဖွယ်ဘောဇဉ်တို့ကို စားခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, နှာခြင်း, ကြည့်ရှုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ၊ ပန်းပန်ခြင်း၊နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းလိမ်းခြင်း၊ အတင့်အတယ်ကိုဆောင်ခြင်း၊ တန်ဆာဆင်ခြင်း၊ အသားအရေဟို့ကို အပြေအပြစ်ပြုခြင်း၏ အကြောင်းမှ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၉။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သော နေရာထက်၌ နေခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

၁၀။ ဇာတ ရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေငွေအသပြာ ရတနာ ဆယ်ပါးတို့ကို ကိုင်ခြင်း၊ ခံခြင်း၊ ရောင်းဝယ်ခြင်း၊ သာယာခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ သာဓုကံ

ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

(အာမ ဘန္တေ)

---

## ဥပဇ္ဈာယ်ယူပုံ

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်၊ ဟောဟိ၊ ဖြစ်တော်မူပါလော့။

ရှင်ပြုပုံ အစီအစဉ်ပြီး၏

---

# ပစ္စဝေက္ခဏာဆင်ခြင်ပုံ

## သင်္ကန်းဦးဆင်ခြင်ပုံ

၁။ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ။ (သင်္ကန်းကိုဆင်ခြင်လေ)

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ - ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ သီတဿ၊ အချမ်းကို။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှါလည်းကောင်း။ ဥဏှဿ၊ အပူကို။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှါလည်းကောင်း။ ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ ခြင်-မှက်-ယင်-လေ-နေပူ-တံလျှပ်-မြွေ-ပျား-ကင်း-သန်း တို့၏ အတွေ့တို့ကို။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှါလည်းကောင်း။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ၊ အရှက်အကြောက်ကို ဖြစ်စေတတ်သော ကိုယ်အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းငှါ။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

---

## ဆွမ်းဦးဆင်ခြင်ပုံ

၂။ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝဒေဝ

ဣမဿ ကာယဿ ဌိတိယာ ယာပနာယ၊ ဝိဟိံသူ-ပ-ရတိယာ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။ (ဆွမ်းကို ဆင်ခြင်လေ)

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ- ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းဘောဇဉ်ခဲဘွယ်ကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ဒဝါယ၊ ရယ်မြူးပျော်ပါးခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲ။ မဒါယ၊ မာန်ကိုယစ်စေခြင်းငှါ၊ နပဋိသေဝါမိ၊ မမှီဝဲ။ မဏ္ဍနာယ၊ တန်ဆာဆင်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲ။ဝိဘူသနာယ၊ အသားအရေ၏ ပြည့်ဖြိုးကြည်လင်စေခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲ။ ယာဝ ဒေဝ၊ အကြင်မျှလောက်။ ဣမဿ ကာယဿ၊ ဤရူပကာယတည်းဟူသော ခန္ဓာကိုယ်ကို။ ဌိတိယာ၊ မြဲမြံစွာတည်စေခြင်းငှါလည်းကောင်း။ ယာပနာယ၊ ဣရိယာပုထ်ကို မျှစေခြင်းငှါလည်းကောင်း၊ ဝိဟိံသူ-ပ-ရတိယာ၊ မွတ်သိပ်ဆာလောင်ခြင်းကို ဖျောက်ခြင်းငှါလည်းကောင်း။ဗြဟ္မစရိယာနုဂ္ဂဟာယ၊မြတ်သော သာသနာတော်ကိုချီးမြှောက်ခြင်းငှါလည်းကောင်း။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ဣတိ-ဣမိနာ ပိဏ္ဍပါတ ပဋိသေဝနေန၊ ဤဆွမ်း ခဲဘွယ်ဘောဇဉ်တို့ကိုမှီဝဲသုံးဆောင်သဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ဖျောက်ပါအံ့။ နဝံ၊ အသစ်ဖြစ်သော မသုံးဆောင်ရခြင်းကြောင့် ဖြစ်ရလတ္တံ့သော ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။ ယာတြာစ၊ ရှည်မြင့်စွာသော ကာလ

ပတ်လုံး တည်ခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ ဖါသု ဝိဟာရောစ၊ ချမ်းသာစွာ နေရခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ ဣတိ၊ ဤသို့။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍၊ ပိဏ္ဍပါတံ၊ ဆွမ်းဘောဇဉ်ခဲဘွယ်ကို၊ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

---

## ကျောင်းဦးဆင်ခြင်ပုံ

၃။ ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတု ပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ။ (ကျောင်း အိပ်ရာ နေရာကို ဆင်ခြင်လော့)။

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ ကျောင်း အိပ်ရာ နေရာကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ သီတဿ၊ အချမ်းကို။ ပဋိဃာတာယ၊ ဖျောက်ခြင်း ငှာလည်းကောင်း။ ဥဏှဿ၊ အပူကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှာလည်းကောင်း။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ ခြင် မှက် ယင် လေ နေပူ တံလျပ် မြွေ ပျားကင်း သန်းတို့၏ အတွေ့တို့ကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှာလည်းကောင်း။ ဥတု ပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ၊ အချမ်း အပူဟူသော ဥတုကြောင့် ဖြစ်သော

ဘေးရန်ကို ဖျောက်သဖြင့် တယောက်အထီးထီး ကိန်းအောင်း ခြင်း၌ မွေ့လျော်ခြင်းငှာ လည်းကောင်း။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

---

## ဆေး၌ ဆင်ခြင်ပုံ

၄။ ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ ယာဝ ဒေဝ ဥပ္ပန္နာနံ ဝေယျာ ဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။ (ဆေးကို ဆင်ခြင်လေ)

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ သူနာတို့၏ အထောက်အပံ့ကို ဖြစ်စေတတ်သော ဆေးပစ္စည်း အဆောက် အဦကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။ ယာဝ ဒေဝ၊ အကြင်မျှလောက်။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ဝေယျာဗျာဓိကာနံ၊ ခါတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲခြင်း၏အကြောင်း ဖြစ်သော နူနာ အိုင်းနာ အစရှိသော ဝေဒနာတို့ကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှာ လည်းကောင်း။ အဗျာပဇ္ဇ ပရမတာယ၊ ဆင်းရဲခြင်း မရှိသဖြင့် ချမ်းသာစွာနေရခြင်းအကျိုးငှာ လည်းကောင်း။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။
၈၃၀၂

# မြန်မာလိုပစ္စဝေက္ခဏာဆင်ခြင်ပုံ

## သင်္ကန်း

၁။ ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်း မြွေ လွှသန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစမွယ်၊ ဆင်ယင်မယ်ဟု၊ စိတ်ဝယ် မထားမိ၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း။

## ဆွမ်း

၂။ ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လုပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာ ဓါတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည် လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရား သာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာ ဟောင်း,သစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်း ပြစ်ကိုမ ဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံး ဆောင် မှီဝဲပါသတည်း။

## ကျောင်း

၃။ ချမ်း ပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်း မြွေ ဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။

ဆေး

၄။ ကျင်နာ ခံခက်၊ နှိပ်စက်ဘိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူ့မင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းနိုင်ဘို့၊ ရည်မှန်း သုံးဆောင်ပါသတည်း။

ကြွင်းပစ္စည်းများ

၅။ ဘိနပ် ဆီမီး၊ ထီး တောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြချမ်း့ပူ၊ မြေ့ငူ သစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊မသန်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲပါသတည်း။

ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ ပြီး၏။

---

# လိုင် (၁၀)ပါး ပါဌ် အနက်

သာမဏေရာနံ ဒသ လိင်္ဂါနိ သနက်ါနိ ဝေဒိတဗ္ဗာနိ၊ ကထံ-

၁။ ပါဏာတိပါတိ ဟောတိ။

၂။ အဒိန္နာဒါယီ ဟောတိ။

၃။ အဗြဟ္မစာရီ ဟောတိ။

၄။ မုသာဝါဒီ ဟောတိ။

၅။ သုရာမေရယ မဇ္ဇ ပါယီ ဟောတိ။

၆။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။

၇။ ဓမ္မဿ အဝဏ္ဏံ ဘာသတိ။

၈။ သံဃဿ အဝဏ္ဏံ ဘာသတိ။

၉။ မိစ္ဆာဒိဋ္ဌိကော ဟောတိ။

၁၀။ ဘိက္ခုနိ ဒူသကော ဟောတိတိ ဝေဒိတဗ္ဗာနိ။

သာမဏေရာနံ၊ သာမဏေတို့အား။ ဒသ၊ ဆယ်ပါး ကုန်သော။ လိင်္ဂနာသနင်္ဂါနိ၊ လိင်ပြန်ရသော အင်္ဂါတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ကထံ-ဝေဒိတဗ္ဗာနိ၊ အဘယ်သို့ သိအပ်ကုန်သနည်း ဟူမူကား။ ပါဏာတိပါတီ၊ သူ၏အသက်ကို သတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယီ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ၏ဥစ္စာကို ခိုးယူသည်၊ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မေထုန်နှင့်စပ်သော မမြတ်သော အကျင့်ကို ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုသည်၊ ဟောတိ၊ ဖြစ်၏။ သုရာမေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏အကြောင်း ဖြစ်သော သုရာ ငါးပါး၊ မေရယ ငါးပါး တည်းဟူသော ဆယ်ပါးသော ယစ်မျိုးတို့ကို သောက်စားသည်၊ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်အား။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်အား၊ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏ ။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူကို ယူသည်၊ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ရဟန်းမိန်းမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣမာနိ ဒသ လိင်္ဂနာသနင်္ဂါနိ၊ ဤဆယ်ပါးကုန်သော လိင်ပြန်ရသော အင်္ဂါတို့ကို၊ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

လိင်(၁၀)ပါး ပါဠိ အနက် ပြီး၏။

# ဒဏ် (၁၀)ပါး ပါဠိအနက်

သာမဏေရာနံ ဒသ ဒဏ္ဍ ကမ္မာနိ ဝေဒိတဗ္ဗာနိ ကထံ–

၁။ ဝိကာလ ဘောဇနေ၁ ဟောတိ။

၂။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနေ၁ ဟောတိ။

၃။ မာလာ ဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍနဝိဘူသန ဋ္ဌာနေ၁ ဟောတိ။

၄။ ဥစ္စာသယန မဟာသယနေ၁ ဟောတိ။

၅။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဟောတိ။

၆။ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ။

၇။ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ။

၈။ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ။

၉။ ဘိက္ခူနံ အက္ကောသတိ ပရိဘာသတိ။

၁၀။ ဘိက္ခူနံ ဘိက္ခူဟိ ဘေဒေတိ တိ ဝေဒိ တဗ္ဗာနိ။

သာမဏေရာနံ၊ သာမဏေတို့အား၊ဒသ၊ ဆယ်ပါးကုန်သော။ ဒဏ္ဍ ကမ္မာနိ၊ ဒဏ်ပေးရာသော အမှုတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ကထံ–ဝေဒိတဗ္ဗာနိ၊ အဘယ်ကဲ့သို့ သိအပ်ကုန်သနည်းဟူမူကား၊ ဝိကာလဘောဇနေ၁၊ နေမွန်းလွဲပြီးသော ကာလတို့၌ ဘောဇဉ်ခဲဘွယ်တို့ကို စားသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန၁၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ နာခြင်း၊ ကြည့်ရှုခြင်းကို ပြုသည်။ ဟောတိ၊ ဖြစ်၏။ မာလာဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍန ဝိဘူသနဋ္ဌာနေ၁၊ ပန်းပန်ခြင်း၊ နံ့သာ

လိမ်းခြင်း၊ အတင့်အတယ်ကို ဆောင်ခြင်း၊ တန်ဆာဆင်ခြင်း၊ အသားအရေတို့ကို ပြည့်ဖြိုး ကြည်လင်စေခြင်း အကြောင်းနှင့် ယှဉ်သည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာသယန မဟာသယနေ၊ မြင့်သောနေရာ မြတ်သောနေရာ၌ နေသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ ငွေ အသပြာ, ရတနာမျိုး ဆယ်ပါး, စပါးမျိုး ခုနစ်ပါးတို့ကို ကိုင်ခြင်း ရောင်းဝယ်ခြင်း၊ သာယာခြင်းတို့ကို ပြုသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနံ၊ရဟန်း တို့အား၊ အလာဘာယ၊ လာဘ်မရစိမ့်သောငှာ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဘိက္ခုနံ၊ ရဟန်းတို့အား၊ အနတ္ထာယ၊ အကျိုးမရှိစိမ့်သောငှာ။ ပရိသက္ကတိ၊ လုံ့လပြု၏။ဘိက္ခုနံ၊ ရဟန်းတို့အား။ အဝါသာယ၊ နေရာမရစိမ့်သောငှာ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဘိက္ခုနံ၊ ရဟန်းတို့အား၊ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ရေရွတ်၏။ ဘိက္ခုနံ၊ ရဟန်းတို့ကို။ ဘိက္ခုဟိ၊ ရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲစေ၏။ ဣတိ-ဣမာနိ ဒသ ဒဏ္ဍကမ္မာနိ၊ ဤဆယ်ပါးသော ဒဏ်ပေးရာသော အမှုတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဒဏ်(၁၀)ပါး ပါဠိအနက် ပြီး၏။

# သေခိယ ပါဋ္ဌ အနက်

ဣမေ ခေါ ပနာယသ္မန္တော ပဉ္စသတ္တတိ သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော

၁၁။ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၂။ န ဥက္ကုဋိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃။ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄။ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥက္ကုဋိကဝဂ္ဂေါ ဒုတိယော။

၂၁။ န ခမ္ဘကတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၂။ န ခမ္ဘကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၃။ န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၄။ န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၅။ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၆။ န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၈။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ ပိဏ္ဍပါတံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃။ သပဒါနံ ပိဏ္ဍပါတံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄။ သမသူပကံ ပိဏ္ဍပါတံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅။ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇။ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၈။ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

---

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂။ န ဘုဥ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။
၄၄။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၄၅။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၄၆။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၄၇။ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၄၈။ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၄၉။ န ဇိဝှာနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၅၀။ န စပု စပု ကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

---

၅၁။ န သုရု သုရု ကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၅၂။ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၅၃။ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၅၄။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၅၅။ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။
၅၆။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။
၅၇။ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၈။ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၉။ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၀။ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

---

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

၆၁။ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၂။ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၃။ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၄။ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၅။ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေ-ဿာမီတိ သိက္ခာ ကရဏီယာ။

၆၆။ န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၇။ န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ မီတိ သိက္ခာ ကရဏီယာ။

၆၈။ န သမာယံ နိသီဒိတ္ဗာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
၆၉။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
၇၀။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
၇၁။ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
၇၂။ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။
၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။
၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

---

အာယသ္မန္တော၊ အရှင်တို့။ ပဥ္စသတ္တတိ၊ ခုနစ်ဆယ့် ငါးပါးကုန်သော။ သေခိယာ၊ သေခိယ အမည်ရှိကုန်သော၊ ဓမ္မာ၊ ကျင့်ဝတ်တရားတို့သည်။ ဥဒ္ဒိဋ္ဌာ၊ သရုပ်အားဖြင့် အကျဉ်းပြခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁။ ပရိမဏ္ဍလံ၊ အဝန်းသုံးပါး ညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကိုဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။

ကရုဏာယာ၊ ကျင့်အပ်၏။

၂။ ပရိမဏ္ဍလံ၊ အဝန်းသုံးပါး ညီစွာ။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကို ဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရုဏာယာ၊ ကျင့်အပ်၏။

၃။ သုပ္ပဋိစ္ဆန္နော၊ လည့်လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရုဏာယာ၊ ကျင့်အပ်၏။

၄။ သုပ္ပဋိစ္ဆန္နော၊ လည့်လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့၊ ဣတိ၊ ဤသို့။ သိက္ခာ အကျင့်ကို။ ကရုဏာယာ၊ ကျင့်အပ်၏။

၅။ သုသံဝုတော၊ လက် ခြေကို မကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်သည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကျင့်အပ်၏။

၆။ သုသံဝုတော၊ လက် ခြေကိုမကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့၊ သိက္ခာ၊ အကျင့်ကို။ ကရုဏာယာ၊ ကျင့်အပ်၏။

၇။ ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှ ကြည့်သဖြင့် ချသော မျက်လွှာရှိသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။သိက္ခာ၊ အကျင့်ကို။ ကရုဏာယာ၊ ကျင့်အပ်၏။

၈။ ဩက္ခိတ္တ စက္ခု၊ လေးတောင်ခန့်မျှ ကြည့်သဖြင့် ချသော မျက်လွှာ ရှိသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၉။ ဥက္ခိတ္တကာယ၊ သင်္ကန်းကိုပင့်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၀။ ဥက္ခိတ္တကာယ၊ သင်္ကန်းကိုပင့်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊
ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

———

၁၁။ ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာရယ်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၂။ ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာရယ်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၃။ အပ္ပသဒ္ဒေါ၊ ငယ်သောအသံရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၄။ အပ္ပသဒ္ဒေါ၊ ငယ်သောအသံရှိသည်ဖြစ်၍။ အန္တရဃရေ၊

ရွာတွင်း၌။နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့။သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၅။ ကာယပ္ပစာလကံ၊ ကိုယ်ကိုလှုပ်၍ လှုပ်၍။ အန္တရဃရေ၊
ရွာတွင်း၌။နဂမိဿာမိ၊မသွားအံ့။ ဣတိ၊ ဤသို့။သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၆။ ကာယပ္ပစာလကံ၊ ကိုယ်ကိုလှုပ်၍လှုပ်၍။ အန္တရဃရေ၊
ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၇။ ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍လှုပ်၍။ အန္တရဃရေ၊
ရွာတွင်း၌။နဂမိဿာမိ၊ မသွားအံ့။ဣတိ၊ဤသို့။သိက္ခာ၊
အကျင့်ကို။ ကရဏီယာ ကျင့်အပ်၏။

၁၈။ ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍လှုပ်၍။ အန္တရဃရေ
ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၁၉။ သီသပ္ပစာလကံ၊ဦးခေါင်းကိုလှုပ်၍လှုပ်၍။အန္တရဃရေ၊
ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၀။ သီသပ္ပစာလကံ၊ဦးခေါင်းကိုလှုပ်၍လှုပ်၍။အန္တရဃရေ၊
ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။

ဥဇ္ဇဂ္ဃိကဝဂ္ဂေါ၊ ဥဇ္ဇဂ္ဃိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၂၁။ ခမ္ဘကတော၊ ခါးကို ထောက်လျက်။ အန္တရာယ်ရေး ရွာတွင်း၌။ နှ ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၂။ ခမ္ဘကတော၊ ခါးကို ထောက်လျက်။ အန္တရာယ်ရေး ရွာ-တွင်း၌။ နှ နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၃။ ဩဂုဏ္ဌိတော၊ ဦးခေါင်းကို ခြုံလျက်။ အန္တရာယ်ရေး ရွာတွင်း၌။ နှ ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၄။ ဩဂုဏ္ဌိတော၊ ဦးခေါင်းကို ခြုံလျက်။ အန္တရာယ်ရေး ရွာတွင်း၌။ နှ နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၅။ ဥက္ကုဋိကာယ၊ ပဆွံ့နင်း၍ (ဖဝါးဆွံ့နင်း၍)။ အန္တရ ဃရေ၊ ရွာတွင်း၌။ နှ ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၆။ ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်, ပုဆိုးအာယော ဂပတ်ဖွဲ့လျက်။ အန္တရာယ်ရေး ရွာတွင်း၌။ နှ နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၇။ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၈။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊

အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၂၉။ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်းနှင့် မျှလောက်ရှိသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၀။ သမတိတ္တိကံ၊ သပိတ်အတွင်း အနားရစ်နှင့် မျှလောက် ရှိသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။

ခမ္ဘကတဝဂ္ဂေါ၊ ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

၃၁။ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၂။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၃။ သပဒါနံ၊ အစဉ်အတိုင်း၊ ပိဏ္ဍပါတံ၊ ဆွမ်းကို၊ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၄။ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်းနှင့် မျှလောက်ရှိသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊

စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၆။ သူပံဝါ၊ ဟင်းကိုလည်းကောင်း။ ဗျဉ္ဇနံဝါ၊ ငါး,အမဲ လက်သုတ် ဟင်းလျာကိုလည်းကောင်း။ ဘိယျောကမျတံ၊ လွန်စွာ အလိုရှိသည်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ နပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့၊ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၇။ သူပံဝါ၊ ဟင်းကိုလည်းကောင်း။ ဩဒနံဝါ၊ ဆွမ်းကိုလည်းကောင်း။ အဂိလာနော၊ မနာမဖျားဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အလို့ငှါ။ ဝိညာပေတွာ၊ တောင်း၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၈။ ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို။ နဩလောကေဿာမိ၊ မကြည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၃၉။ အတိ မဟန္တံ၊ အလွန်ကြီးလွန်းသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၀။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ သက္ကစ္စဝဂ္ဂေါ၊ သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၄၁။ ကဗဠေ၊ ဆွမ်းလုပ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ နဝိဝရိဿာမိ၊ မဖွင့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၂။ ဘုဉ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗဟတ္ထံ၊ အလုံးစုံသော လက်ငါးချောင်းကို။ မုခေ၊ ခံတွင်း၌။ နပက္ခိပိဿာမိ၊ မထည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၃။ သကဗဠေန၊ ဆွမ်းလုပ်နှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်။ နဗျာဟရိဿာမိ၊ စကားမဆိုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၄။ ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၅။ ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကိုကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၆။ အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ထား၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၇။ ဟတ္ထနိဒ္ဓုနကံ၊ လက်ကိုခါ၍ခါ၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ။ ကျင့်အပ်၏။

၄၈။ သိတ္ထာဝကာရကံ၊ ဆွမ်းလုပ်ကို ကြဲ၍ကြဲ၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၄၉။ ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ထုတ်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၀။ စပု စပု ကာရကံ၊ စပ်စပ်အသံကို ပြု၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို၊ ကရဏီယာ၊ ကျင့်အပ်၏။

ပဉ္စမော၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကဗဠ ဝဂ္ဂေါ၊ ကဗဠဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

၅၁။ သုရု သုရု ကာရကံ၊ ရှုတ်ရှုတ်ဟူသော အသံကိုပြု၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၂။ ဟတ္ထနိလ္လေဟကံ၊ လက်ကိုသုတ်၍လျက်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို၊ ကရဏီယာ၊ ကျင့်အပ်၏။

၅၃။ ပတ္တနိလ္လေဟကံ၊ သပိတ်ကိုခြစ်၍ခြစ်၍။ န ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို၊ ကရဏီယာ။ ကျင့်အပ်၏။

၅၄။ ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကိုလျက်၍လျက်၍၊ န ဘုဥ္ဇိဿာ

မိ။ မစားအံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရ-ဏီယာ၊ ကျင့်အပ်၏။

၅၅။ သာမိသေန၊ ဆွမ်းအာမိသနှင့် တကွသော။ ပတ္တေန၊ လက်ဖြင့်။ ပါနီယထာလကံ၊ သောက်ရေခွက်ကို။ န ပဋိဂ္ဂ ဟေဿာမိ၊ မကိုင်အံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၆။ သသိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွသော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရွာသွင်း၌။ န ဆဍ္ဍေ-ဿာမိ၊ မစွန့်အံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၇။ ဆတ္တပါဏိဿ၊ ထီးလက်၌ရှိသော။ အဂိလာနဿ၊ မနာ, မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့၊ ဤတိ၊ ဤသို့၊ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၈။ ဒဏ္ဍပါဏိဿ၊ တုတ်,တောင်ဝှေး လက်၌ရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၅၉။ သတ္ထပါဏိဿ၊ ဓါးလက်နက် လက်၌ရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၀။ အာဝုဓ ပါဏိဿ၊ လေးသက်နက် လက်၌ရှိသော၊ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ သုရူ သုရူ ဝဂ္ဂေါ၊ သုရူ သုရူ ဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

၆၁။ ပါဒုကာရုဠှဿ၊ ခြေနင်းစီးသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၂။ ဥပဟနာရုဠှဿ၊ ဘိနပ်စီးသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့၊ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၃။ ယာနဂတဿ၊ ယာဉ်အက်၌ နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၄။ သယနဂတဿ၊ အိပ်ရာ၌နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၅။ ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်, ပုဆိုး အာယော
ဂပတ်ဖွဲ့လျက်။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊
မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာ
မိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။
ကရဏီယာ၊ ကျင့်အပ်၏။

၆၆။ ဝေဌိတသီသဿ၊ ဦးခေါင်းဦးရစ် ပေါင်းလျက်နေသော။
အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။
န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
အကျင့်ကို၊ ကရဏီယာ၊ ကျင့်အပ်၏။

၆၇။ ဩဂုဏ္ဌိတသီသဿ၊ ဦးခေါင်းခြုံလျက်နေသော။ အဂိလာ
နဿ၊ မနမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေ
သေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်
ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၆၈။ ဆမာယံ၊ မြေ၌။ နိသိဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။
နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ မနာမဖျားသော
သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။
ဣတိ၊ ဤသို့၊ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊
ကျင့်အပ်၏။

၆၉။ နီစေ၊ နိမ့်သော၊ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊
နေ၍ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊
နေသော။ အဂိလာနဿ၊ မနာမဖျားသော သူအား။
ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၀။ ဌိတော၊ ရပ်သောငါသည်။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၁။ ပစ္ဆတော၊ နောက်မှ၊ ဂစ္ဆန္တော၊ သွားသောငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာမဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေ သေဿာမိ၊ မဟောအံ့။ ဣတိ၊ဤသို့။ သိက္ခာ၊အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၂။ ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၃။ အဂိလာနော၊ မနာမဖျားသော ငါသည်။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံဝါ၊ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ကျင်ငယ်ကိုလည်းကောင်း။န ကရိဿာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၄။ အဂိလာနော၊ မနာ,မဖျားသော ငါသည်။ ဟရိတေ၊ စိမ်းရှင်သော မြက်သစ်ပင် ရှိရာအရပ်၌။ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်း ကောင်း။ ခေဠံဝါ၊ နှပ်-တံ-တွေး-ခွဲခမ်း ကိုလည်း

ကောင်း။ နကရိယာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ကျင့်အပ်၏။

၇၅။ အဂိလာနေနာ၊ မနာမဖျားငါသည်။ ဥဒကေ၊ သုံးဆောင်
ကောင်းသော ရေ၌၊ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်း
ကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကို လည်းကောင်း။
ခေဠံ ဝါ၊ နှပ်-တံတွေး- ချွဲခမ်းကိုလည်းကောင်း။ နက
ရိယာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့၊ သိက္ခာ၊ အကျင့်ကို။
ကရဏီယာ၊ ကျင့်အပ်၏။

သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပါဒုကဝဂ္ဂေါ၊
ပါဒုကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

သေခိယပါဠိ အနက် ပြီး၏။

---

# ခန္ဓကဝတ်ပါဠိ အနက်

စုဒ္ဒသ ခန္ဓက ဝတ္တာနိ နာမ ဝေဒိတဗ္ဗာနိ ကထံ—

၁။ အာဂန္တုကဝတ္တံ၊ ၂။ အာဝါသိကဝတ္တံ၊ ၃။ ဂမိကဝတ္တံ၊ ၄။ အနုမောဒနဝတ္တံ၊ ၅။ ဘတ္တဂ္ဂဝတ္တံ၊ ၆။ ပိဏ္ဍစာရိကဝတ္တံ၊ ၇။ အာရညကဝတ္တံ၊ ၈။ သေနာသနဝတ္တံ၊ ၉။ ဇန္တာဃရဝတ္တံ၊ ၁၀။ ဝစ္စကုဋိဝတ္တံ၊ ၁၁။ ဥပဇ္ဈာယဝတ္တံ၊ ၁၂။ သဒ္ဓိဝိဟာရိကဝတ္တံ၊ ၁၃။ အာစရိယဝတ္တံ၊ ၁၄။ အန္တေဝါသိကဝတ္တဉ္စေတိ ဣမာနိ စုဒ္ဒသ ခန္ဓက ဝတ္တာနိ နာမ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

(က) ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓ သီလောဒုပ္ပညော၊ စိတ္တ ကဂ္ဂံ န ဝိန္ဒတိ။ ။

(ခ) ဝိက္ခိတ္တ စိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။ ။

(ဂ) တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာန မေဟိတိ။ ။

စုဒ္ဒသ၊ တဆယ့် လေးပါး ကုန်သော။ ခန္ဓကဝတ္တာနိနာမ၊ ခန္ဓကဝတ်မည်သည်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ကထံ-ဝေဒိတဗ္ဗာနိ၊ အဘယ်သို့ သိအပ်ကုန်သနည်း ဟူမူကား-

၁။ အာဂန္တုက ဝတ္တဥ္စ၊ အရံတွင်းသို့ မဝင်မီ ဘိနပ်ချွတ်ခြင်း, ထီးရုပ်ခြင်း, ဦးခေါင်းခြုံကို ဖွင့်ခြင်း, ဦးခေါင်း၌ တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း, အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်း,သာမဏေတို့ ပြုရသော ဝတ် ရင်း။

၂။ အာဝါသိက ဝတ္တဥ္စ၊ အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦး ကြိုဆိုခြင်း, သပိတ်- သင်္ကန်းကို လှမ်းယူခြင်း, အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း, ခြေဆေးရေ- ခြေဆေး အင်းပျဉ် စသည်ကို အနီး၌ ထားခြင်း စသော အာဝါသိက ရဟန်း, သာမဏေတို့ ပြုရသော ဝတ်ရင်း။

၃။ ဂမိက ဝတ္တဥ္စ၊သစ်ဘဏ္ဍာ-မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း, တံခါး-လေသာတံခါးတို့ကို ပိတ်ခြင်း, ပန်မြော

၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း,သာမ
ဏေတို့ ပြုရသော ဝတ်ရင်း။

၄။ အနုမောဒန ဝတ္တ၊ မထေရ်ကြီး တရားဟောခြင်း,မထေရ်
ကြီးက တိုက်တွန်းမှုဟောခြင်း, ပန်လျှောက်၍ ဟော
ခြင်း စသော တရားဟောရာ၌ ပြုရသော ဝတ်ရင်း။

၅။ ဘတ္တဂ္ဂ ဝတ္တ၊ တရားဟောခြင်း, ရဟန်းတို့ကို တိုးဝှေ့၍
မနေမထိုင်ခြင်း, ရဟန်းငယ်ကို နေရာဖြင့် မမြစ်ခြင်း
စသော ဆွမ်းစားစရပ်၌ ပြုရသော ဝတ်ရင်း။

၆။ ပိဏ္ဍစာရိက ဝတ္တ၊ သင်ဘတ္တာ-မြေဘတ္တာ စသည်တို့ကို
သိမ်းခြင်း, သပိတ်ကို ရေကျင်းခြင်း, ခါးပန်းကိုဖွဲ့ခြင်း,
သင်းပိုင်-သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း, သေ
ခိယနှင့် အညီသွားခြင်း, မနွေးမလျှင် ရွာတွင်းသို့ ဝင်
ခြင်း, မရှည်မကြာ ရပ်ခြင်းစသော ဆွမ်းခံရဟန်း,သာ
မဏေတို့ ပြုရသော ဝတ်ရင်း။

၇။ အာရညက ဝတ္တ၊ သောက်ရေ-သုံးဆောင်ရေ တည်
ထားခြင်း, မီးပွတ်ခုံ-ပွတ်ကျည်၊ တောင်ဝှေးထားခြင်း,
အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်း
စသော တောနေ ရဟန်း, သာမဏေတို့ ပြုရသော
ဝတ်ရင်း။

၈။ သေနာသန ဝတ္တ၊ ကျောင်းဆောင်း- အင်းပျဉ်- အိပ်ရာ
နေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, ပရိဝုဏ်-ရေ
ချိုးအိမ် ဝစ္စကုဋိစသည်တို့ကို တံမြက်လှည်းခြင်း စသော
ကျောင်း၌ ပြုရသော ဝတ်ရင်း။

၉။ ဇန္တာဃရ ဝတ္တာ၊ ပြာကိုစုန့်ခြင်း, တံမြက်လှည်းခြင်း စသော ချေးဇရုံးအိမ်၌ ပြုရသော ဝတ်ရင်း။

၁၀။ ဝစ္စကုဋိဝတ္တာ၊ ချောင်းဟန့်ခြင်း, သက်န်းတန်း၌ သင်္ကန်းကို တင်၍ မနှေးမလျင် ဝင်ခြင်း, သင်းပိုင်ကို ပင့်၍ မဝင်ခြင်း, နှင်းခုံကို နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း, ကြမ်းသော ကနုတံ စသည်ဖြင့် မသုတ်ခြင်း, သန့်သက်ရေဆေးခြင်း, နှင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရသော ဝတ်ရင်း။

၁၁။ ဥပဇ္ဈာယ ဝတ္တာ၊နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့ တင်၍ မျက်သစ်ရေ-ဒန်ပူဆွကပ်ခြင်း,ယာဂုဆွမ်းကပ်ခြင်း, သပိတ်-ခွက်ဆေးခြင်း, ကျောင်း အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း,နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသော ဝတ်ရင်း။

၁၂။ သဒ္ဓိဝိဟာရိက ဝတ္တာ၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ် ဆရာက ပြုရသော ဝတ်ရင်း။

၁၃။ အာစရိယ ဝတ္တာ၊နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့ တင်၍ မျက်သစ်ရေ - ဒန်ပူကပ်ခြင်း, ယာဂုဆွမ်းကပ်ခြင်း, သပိတ်-ခွက်ဆေးခြင်း, ကျောင်း အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသော ဝတ်ရင်း။

၁၄။ အန္တေဝါသိက ဝတ္တဥ္စ၊ သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် တပည့် လေးပါးတို့၌ ဆရာ လေးပါးတို့က ပြုရသော ဝတ်ရင်း။

ဉာတိ၊ဉာမာနိ စုဒ္ဒသ ခန္ဓက ဝတ္တာနိနာမ၊ဤတဆယ့်လေးပါး သော ခန္ဓကဝတ် မည်သည်တို့ကို။သဒ္ဓိဝိဟာရိကံ၊ ခပ်သိမ်း ကုန်သော ရဟန်း,သာမဏေတို့သည်။ သဗ္ဗဒါ၊အခါခပ်သိမ်းလျှင်။ ယထာ ရဟံ၊ ကျင့်ထိုက်သည် အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ် ကုန်၏။

(က) ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့် ကျင့်သော ရဟန်း,သာမဏေသည်။သီလံ၊ သီလကို။နပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်။ [သီလမစင်ကြယ်ဟု ဆိုလိုသည်။] အသုဒ္ဓ သီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ပညာနည်း သော ရဟန်း,သာမဏေသည်။ စိတ္တေကဂ္ဂံ၊စိတ်၏ ငြိမ်သက်တည် ကြည်ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

(ခ) ဝိက္ခိတ္တစိတ္တော၊ လေခတ်သော တံခွန်ကဲ့သို့ ပျံ့လွင့် သော စိတ်သည်ဖြစ်၍။ နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်း, သာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်,ဖိုလ်နိဗ္ဗာန်တရား ကို။ န ပဿတိ၊ မမြင်ရနိုင်။ ဓမ္မံ၊ မဂ်, ဖိုလ်နိဗ္ဗာန်တရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်း,သာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ န ပရိမုစ္စတိ၊ မလွတ်ရနိုင်။

(ဂ) တသ္မာဟိ-တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊

ချီးမွမ်းအပ် သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ သြဝါဒံ၊ အဆုံးအမကို။ ကတွာ၊ အရိုအသေပြုရသော ကြောင့်။ ဝါ-ပြုသည်ရှိသော်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိ ရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဗောဟိတိ၊ ရောက်ရလိမ့်သတည်း။

ခန္ဓကဝတ် ပါဠိ အနက် ပြီး၏။

---

# ရှင်ကျင့်ဝတ်အမေးအဖြေ

## အမှတ်—(၁)

(၁) မေး။ ရှင်ပြုရာ၌ အချို့ ရှင်လောင်း မလှည့်ဘဲ၊ အချို့ ရှင်လောင်းလှည့်၍ ရှင်ပြုကြခြင်း အကြောင်းကို ရှင်းပြပါ။

ဖြေ။ နန္ဒမင်းသားအား သပိတ်ပေး၍ ခေါ်သွားပြီး ကျောင်းတော်သို့ ရောက်သောအခါ ဘုရားရှင်ကိုယ်တိုင် ရှင်ရဟန်း ပြုပေး ရာ၌ရင်း၊ အမွေ တောင်းရန် လိုက်လာသော သား

တော် ရာဟုလာမင်းသားကို အရှင်သာရိပုတ္တရာအား ရှင်ပြုပေးစေရာ၌ရှင်း ရှင်လောင်းလှည့်ခြင်း လုံးဝမရှိခဲ့ပေ၊ နန္ဒမင်းသားနှင့် ရာဟုလာမင်းသားတို့ ရှင်ပြုပုံကိုထောက်၍ အချို့ရှင်လောင်းမလှည့်ဘဲ ရှင်ပြုကြပါသည်။

တိဿ မင်းသား ရှင်ရဟန်း ပြုတော့အံ့ဟု ခွင့်တောင်းသော အခါ နောင်တော် ဓမ္မာသောက မင်းကြီးက၊ အသောကာရုံကျောင်းလမ်းခရီးကို တန်ဆာဆင်စေ၍၊ ပွဲထဲက ဇာတ်မင်းသား အသွင် ဝတ်ဆင် စေပြီးလျှင် စစ်အင်္ဂါလေးပါး ခြံရံလျက် ကျောင်းတော်သို့ပို့ဆောင်၍ ရှင်ရဟန်း ပြုစေခဲ့၏၊ ဤတိဿမင်းသား ကျောင်းတော်သို့ ပို့သောနည်းကိုမှီး၍၊ ရှင်လောင်းများကို ဇာတ်မင်းသားအသွင်ဝတ်ဆင်စေ၍ ရှင်လောင်းလှည့်ပြီးမှ အချို့ရှင်ပြုကြပါသည်။

(၂) မေး။ ရှင်ပြုနိုင်သော အသက်အရွယ်ကို ဖော်ပြပါ။
ဖြေ။ ရှင်အဖြစ်ကို ဘုရားရှင်ခွင့်ပြုတော်မူစ က အသက်အရွယ် ပိုင်းခြား သတ်မှတ်ချက် မရှိသေးပါ၊ အခါတပါး ဆွေမျိုးစုတခု ကပ်ရောဂါဖြင့် အားလုံး သေကြေပျက်စီးကြ၍၊ သားအဖနှစ်ဦးသာ ကျန်ရစ်ခဲ့လေရာ၊ ခိုကိုးရာမဲ့ဖြစ်၍ ရဟန်းတို့ထံတွင် ရှင်ရဟန်းပြုပြီး အတူတကွပူး

တဲ့ကာ ဆွမ်းခံဝင်ကြလျှင် အဖအား ဆွမ်းလောင်းသောအခါ သားငယ် သာမဏေလေးက "ကျွန်တော်အားလည်းပေးပါ၊ ကျွန်တော်အားလည်းပေးပါ" ဟုပြောဆိုသည်ကို လူတို့ကဲ့ရဲ့သောကြောင့်၊ "ချစ်သားတို့....တဆယ့်ငါးနှစ်မပြည့်သေးသော သူငယ်ကို ရှင်မပြုပေးရ" ဟုပညတ်တော်မူ၏။

အခါတပါး အရှင်အာနန္ဒာအား လုပ်ကျွေးဆည်းကပ်သော ဆွေမျိုးစုတခု ကပ်ရောဂါဖြင့် အားလုံးသေကြေပျက်စီး၍ ကလေးငယ်နှစ်ဦးသာ ကျန်ရစ်ခဲ့ရာ၊ မည်ကဲ့သို့စောင့်ရှောက်ရမည်နည်းဟု ဘုရားရှင်အား လျှောက်ထားသောအခါ၊ ဘုရားရှင်က "ကျီကလေးငယ်များ ကျီးတို့ကို ခြောက်လှန့်ပျံစေခြင်းငှါ စွမ်းနိုင်ကုန်၏လော" ဟုမေးတော်မူ၍၊ စွမ်းနိုင်ကြောင်းကိုလျှောက်လျှင် "ချစ်သား တို့.......တဆယ့်ငါးနှစ်မပြည့်သေးသော်လည်း၊ ကျီးတို့ကို ခြောက်လှန့်ပျံပြေး စေနိုင်သော သူငယ်ကိုမူကား ရှင်ပြုပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု တဆယ့်ငါးနှစ် ပညတ်ချက်ကို လျှော့ပေါ့စေတော်မူ၏။

မေး။ ကျီးခြောက်နိုင်လျှင် ရှင်ပြုခွင့် ရသောကြောင့် အရွယ်ငယ်လွန်းပါက၊ အကျိုးရှိမည်၊ သို့မဟုတ် အပြစ်ဖြစ်မည်ကို ဝေဖန်ပြပါ။

ဖြေ။ ဉာဏ်ပညာထက်မြက်သော ပါရမီထူးလေးများ (၈)နှစ်(၉)နှစ်အရွယ်ကပင် စာကိုကောင်းစွာဖတ်တတ်၍၊ ရှင်ကျင့်ဝတ် သင်ကြားရာ၌လည်း တတ်မြောက်လွယ်၏။ သို့ရာတွင် (၈)နှစ်(၉)နှစ်သူငယ်လေးများမှာ ရှင်အဖြစ်ရကြသော်လည်း (ခိဍ္ဍသက) ကစားမှုထူးသော အရွယ်ဖြစ်၍၊ ဆရာကတိုက်တွန်းသော်လည်း ပတီးမစိပ်(ပစ္စဝေက္ခဏာ မဆင်ခြင်)ဘဲ နေသည်ကများသဖြင့်၊ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌၊ ဣဏ ပရိဘောဂဖြစ်၍ သေလျှင် မိဘများက မိမိသားများကို အပါယ်သို့ ချပေးသည်နှင့် တူခဲ့ပေ၏၊ သို့ဖြစ်၍ အကျိုးတန်သမျှ ရှိပါမည်ဖြစ်သော်လည်း၊ အကျိုးရှိသည်ထက် အပြစ်ကပို၍ ဖြစ်ဘွယ်ရှိပါသည်။

(၄) မေး။ အဘယ် အင်္ဂါများနှင့် ပြည့်စုံမှ ရှင်သာမဏေအဖြစ်သို့ ရောက်နိုင်ပါသနည်း။

ဖြေ။ (၁) ရှင်လောင်းအား ဆံရိတ်ဆံချခြင်း။
(၂) ရှင်လောင်းအား ဆရာကိုယ်တိုင် သင်္ကန်းဝတ်ပေးခြင်း။
(၃) ရှင်လောင်းအား သရဏဂုံပေးခြင်း။
ဤအင်္ဂါ သုံးပါး နှင့် ပြည့်စုံမှ ရှင်သာမဏေအဖြစ်သို့ ရောက်နိုင်ပါသည်။

(၅) မေး။ အချို့ခဏ္ဍာသိမ်တွင်းသို့သွား၍ ရှင်လောင်းများအား ဆံချ ပေးခြင်းမှာ အဘယ် ကြောင့် ကြောင့်နည်း။

ဖြေ။ အခါတပါး သူငယ်တယောက် မိဘများနှင့်ရန်ဖြစ်ပြီး ကျောင်းသို့သွား၍ ရှင်ပြုနေ၏၊ မိဘများက ကျောင်းသို့ လာ၍ မေးသော အခါ ရဟန်းတော်များက မသိဟု ပြောကြ၏၊ မိဘများ လိုက်ရှာသောအခါ ရှင်ပြုထားသည်ကို တွေ့၍၊ ရဟန်းတော်များကို ကဲ့ရဲ့သောကြောင့် ဘုရားရှင်က "ရှင်လောင်းအား ဆံရိတ်ဆံချလိုသော်၊ကျောင်းတိုက် အတွင်းရှိ သံဃာတော်ကို ပန်ကြားရမည်"ဟု ပညတ်တော်မူခဲ့၏၊သို့ရာတွင် ကျောင်းတိုက်အတွင်းရှိ သံဃာတော် အားလုံးကို ပန်ကြားရန် တခါတရံ မလွယ် ကူသောကြောင့် အချို့ခဏ္ဍာသိမ်တွင်းသို့ သွား၍ ရှင်လောင်းများအား ဆံချပေးခြင်း ဖြစ်ပါသည်၊ (ခဏ္ဍာသိမ်တွင်းသို့ သွား၍ ဆံချပေးလျှင် သံဃာ ပန်ကြားဘွယ် မလိုတော့ပါ။)

(၆) မေး။ ရှင်လောင်းသည် မိမိအလိုအလျောက် သင်္ကန်းကို ဝတ်၍ နေခဲ့ငြားအံ့၊ အဘယ်အပြစ်တတ်ပါသနည်း၊ အပြစ် အားလျော်စွာ ဆက်လက်ဆောင်ရွက်ရပုံကိုလည်း ဖော်ပြပါ။

ဖြေ။ ရှင်လောင်းသည် မိမိအလိုအလျောက် သင်္ကန်း ဝတ်၍ နေခဲ့ခြင်းအံ့၊ (လိင်္ဂထေနက) ထဲ၌ အကျုံးဝင်သည်ဖြစ်၍၊ အသွင်ခိုးအပြစ် ဖြစ်တတ်ပါသည်၊ ထို့ကြောင့် ၎င်း သင်္ကန်းကိုချွတ်၍၊ ဆရာကိုယ်တိုင် တဖန် သင်္ကန်း ပေးရမည် ဟု အဋ္ဌကထာဆရာ မိန့်ဆိုခဲ့ပါသည်။

(၇) မေး။ ဆရာ့ထံသို့ သင်္ကန်း ပေးအပ်ခြင်း၊ ဆရာ့ထံမှ သင်္ကန်း တောင်းယူခြင်းတို့၌ ပါဠိသုံးကြိမ် အနက် တကြိမ်ဆိုမှ အပ်ပါသလော။

ဖြေ။ အချိန်ရလျှင် သင်္ကန်း ပေးပုံ၊ တောင်းပုံ အတိုင်း သုံးကြိမ်ဖြစ်စေ နှစ်ကြိမ်ဖြစ်စေ တကြိမ်ဖြစ်စေ၊ သို့မဟုတ် ပါဠိသက်သက် ဖြစ်စေ ဆို၍၊သင်္ကန်း သွား ကပ်ပြီး သင်္ကန်းတောင်းဝတ်၊ အရေးကြီး၍ အချိန်မရသော်၊ ဆရာက "ဤသင်္ကန်းများကို ယူ၍ ဝတ်တော့" ဟု ဆိုလျှင်လည်း အပ်ပါသည်။(ဆရာမပေးဘဲ ဝတ်ကရှင်မဖြစ်ပါ။)

၈။ မေး။ သရဏဂုံကို မည်ကဲ့သို့ ရွတ်ဆိုရမည်နည်း။

ဖြေ။ ဆရာတပည့်နှစ်ဦးလုံး သိထိလ- ဓနိတ- ဌာန်- ကရိုဏ်း- ပယတ်များကို ကျနပီသစွာ ရွတ်ဆို ရမည်။

(၉) မေး။ သရဏဂုံပေးပုံ ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ သရဏဂုံပေးပုံ နှစ်မျိုးရှိပါသည်။

(၁) နိဂ္ဂဟိတန္တ သရဏဂုံပေးခြင်း။

(၂) မကာရန္တ သရဏဂုံပေးခြင်း။

(၁၀) မေး။ သရဏဂုံပေးပုံ နှစ်မျိုး၏ အဓိပ္ပါယ်ကို အကျဉ်းချုပ် ဖော်ပြပါ။

ဖြေ။ (၁) ဗုဒ္ဓံပုဒ်၊ သရဏံပုဒ်၊ ဂစ္ဆာမိပုဒ်တို့ကို ကြားထဲ၌ လေမပြတ် စေမူ၍ တဆက်တည်း လေစပ်အောင် ရွတ်ဆို၍ ပေးခြင်းသည် "နိဂ္ဂဟိတန္တ သရဏဂုံ ပေးခြင်း" မည်၏။

(၂) ဗုဒ္ဓမ်ပုဒ်၊ သရဏမ်ပုဒ်၊ ဂစ္ဆာမိပုဒ်တို့ကို တပုဒ် စီရပ်ကာ ရွတ်ဆို၍ ပေးခြင်းသည် "မကာရန္တ သရဏဂုံပေးခြင်း"မည်၏။

---

## အမှတ် (၂)

(၁) မေး။ အဓိပ္ပါယ် နားမလည်ဘဲ ပါဠိသက်သက် ရွတ်ဆိုခြင်းသည် ပစ္စဝေက္ခဏာ ဆင်ခြင်သည် မည်ပါသလော၊ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို သိသာရုံ ဖော်ပြပါ။

ဖြေ။ ပါဠိသက်သက် ရွတ်ဆိုခြင်းသည် နားမလည်လျှင်၊ ပစ္စဝေက္ခဏာဆင်ခြင်သည် မမည်ပါ၊ အနက် အဓိပ္ပါယ်ကို မှတ်သား၍ ပစ္စည်းလေးပါးကို သုံးဆောင်တိုင်း ဉာဏ်ဖြင့်ရှု၍ ဆင်ခြင်ရမည်၊ မတတ်နိုင်လျှင် အနည်းဆုံးတနေ့တကြိမ်မျှဖြစ်စေ အရုဏ်မတက်မီ ဆင်ခြင်ရမည်။

(၂) မေး။ အရုဏ်တက်သည့်တိုင်အောင် မဆင်ခြင်မိလျှင် အဘယ်အပြစ် ဖြစ်တတ်ပါသနည်း။

ဖြေ။ အရုဏ်တက်သည့်တိုင်အောင် တကြိမ်မျှ မဆင်ခြင်မိလျှင် ဣဏပရိဘောဂအပြစ် ဖြစ်တတ်ပါသည်။ (ကြွေးတင်ပြီးဟူလို)

(၃) မေး။ ရှင်သာမဏေများ ပစ္စည်းလေးပါးသုံးဆောင်ပုံ (ပရိဘောဂ) ဘယ်နှစ်ပါးရှိပါသနည်း၊ အဓိပ္ပါယ်နှင့်တကွဖော်ပြပါ။

ဖြေ။ ရှင်သာမဏေများ ပစ္စည်းလေးပါး သုံးဆောင်ပုံ(ပရိဘောဂ)လေးပါးရှိပါသည်။

(၁) သီလမရှိဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ခိုးစားသည်နှင့်တူသောကြောင့် ထေယျပရိဘောဂမည်၏။

(၂) ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ချေးငှါးစားသည်နှင့်တူသောကြောင့် ဣဏပရိဘောဂမည်၏။

(၃) ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည်၎င်း၊ သေက္ခပုဂ္ဂိုလ်တို့၏သုံးဆောင်ခြင်းသည်၎င်း အမွေရ၍ စားသည်နှင့်တူသောကြောင့် ဒါယဇ္ဇပရိဘောဂမည်၏။

(၄) ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် တဏှာ၏ကျွန်အဖြစ်မှ လွတ်၍ သခင်အဖြစ် စားသည် နှင့် တူသောကြောင့် သာမိပရိဘောဂ မည်၏။

(၄) မေး။ လိင်္ဂဒဏ်သင့်ခြင်းအကြောင်း ဘယ်နှစ်ပါးရှိပါသနည်း၊သိသာရုံဖော်ပြပါ။

ဖြေ။ လိင်္ဂဒဏ်သင့်ခြင်းအကြောင်း (၆) ပါးရှိပါသည်။

(၁) အရှက်မရှိခြင်း။ (၂) မသိမိုက်မဲခြင်း။ (၃) အလို့လိုနှိပ်စက်ခြင်း။ (၄) သတိမေ့လျော့ခြင်း။ (၅) မအပ်သည်ကို အပ်သည်ဟုထင်ခြင်း။ (၆) အပ်သည်၌ မအပ်ဟုထင်မှတ်ခြင်း။

(၅) မေး။ အောက်ပါ (က) အမှတ်ပြ ဝါကျကို အနက်ပေး၍၊ (ခ) အမှတ်ပြဝါကျကို ပါဠိရေးပြပါ။

(က) အပြဟ္မစာရီ ဟောတိ။

(ခ) ဘိက္ခုနီမကို ဖျက်ဆီးသည်ဖြစ်၏။

ဖြေ။ (က) အပြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ဟောတိ၊ဖြစ်၏။

(ခ)ဘိက္ခုနီ ဒူသကော ဟောတိ။

(၆) မေး။ ရှင်သာမဏေများ မေထုန်မှီဝဲမှုနှင့်စပ်၍၊ အပြဟ္မစာရီ သိက္ခာပုဒ်ရှိပြီး ဖြစ်ပါလျက်၊ ဘိက္ခုနီ-ဒူသကဟု အသီးအခြားထပ်၍ ဟောတော်မူခြင်း အကြောင်းကိုဖော်ပြပါ။

ဖြေ။ ပကတိ သီလရှိသော ဘိက္ခုနီမကို အလိုမတူဘဲ မေထုန်မှုဖြင့် ဖျက်ဆီးသူအား နောင်အခါ-၊ စောင့်စည်းလိုသော်လည်း ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ဤဘဝတွင် မရနိုင်တော့ပြီ၊ ထို့ကြောင့် အပြဟ္မစာရီမှ အထူးပြု၍ ဘိက္ခုနီ ဒူသကဟု အသီးအခြားထပ်၍ ဟောတော်မူပါသည်။

(၇) မေး။ ရှင်မပြုကောင်းသူ အဘယ်မျှရှိပါသနည်း၊သရုပ်ထုတ်ပြပါ။

ဖြေ။ ရှင်မပြုကောင်းသူ (၁၁) ယောက်ရှိပါသည်။ ၎င်းတို့မှာ....

၁။ ဘာဝရုပ်ချို့သော ပဏ္ဍုက်။

၂။ အသွင် အပေါင်းအဖော်ခိုးသော ထေယျသံဝါသက။

၃။ တိတ္ထိအယူသို့ ပြောင်းသွားသော ရဟန်းဟူသော တိတ္ထိယပက္ကန္တက၊
၄။ တိရစ္ဆာန်။
၅။ အမိသတ်သောသူ။
၆။ အဘသတ်သောသူ။
၇။ ရဟန္တာသတ်သောသူ။
၈။ ဘုရား သွေးစိမ်းတည်အောင်ပြုသောသူ။
၉။ သံဃာသင်းခွဲသောသူ။
၁၀။ ဘိက္ခုနီမကိုဖျက်ဆီးသော ဘိက္ခုနီဒူသက။
၁၁။ နိမိတ်နှစ်ခုရှိသော ဉဘတောဗျည်း။

(၈) မေး။ ရှင်မပြုကောင်းသူ (၁၁) ယောက်တွင် ပါဝင်သော ထေယျသံဝါသက၏ အမျိုးအစားကို ခွဲခြားပြပါ။

ဖြေ။ ထေယျသံဝါသက (၃) မျိုးရှိပါသည်၊ ၎င်းတို့မှာ....

၁။ ကိုယ်တိုင်သင်္ကန်းဝတ်၍၊ ရဟန်း,သာမဏေအသွင်ကို ခိုးယူသော လိင်္ဂထေနက။
၂။ ရဟန်းဟုဝန်ခံ၍၊ ပေါင်းဖော်ခြင်း ခိုးသော သာမဏေဟူသောသံဝါသထေနက၊
၃။ အသွင်,ပေါင်းဖော်ခြင်းနှစ်ပါးစုံ ခိုးသော ဉဘယထေနက။

(၉) မေး။ သင်္ကန်းကို ခါးတောင်းကျိုက်သော သာမဏေ၊ လူကဲ့သို့ဝတ်သော သာမဏေတို့အား အဘယ် အပြစ်ဖြစ်ပေါ်တတ်ပါသနည်း၊ ရှင်းပြပါ။

ဖြေ။ လူ့အဖြစ်ကို တောင့်တလျက် သင်္ကန်းကို ခါးတောင်းကျိုက်သည် ဖြစ်စေ၊ လူတို့ဝတ်ပုံ ဝတ်နည်းတခုခုကို ပြုလုပ်သည်ဖြစ် ငါ့အား လူ့အသွင် တင့်တယ်သလော၊ မတင့်တယ်သလော ဟု စူးစမ်းရုံ စူးစမ်းအံ့ စောင့်သေး၏။ တင့်တယ်၏ဟု ဝန်ခံလျှင် လူဖြစ်၏။ ဝန်ခံပြီးမှ သာမဏေအသွင် ပြန်ဝတ်အံ့၊ ထေယျဖြစ်သည်၊ အဝတ်ပြုပြင်ဆိုးစသည် ဝတ်၍ စူးစမ်းခြင်း၊ ဝန်ခံခြင်းတို့၌လည်း နည်းတူပင်။ (ထို့ကြောင့် သင်္ကန်း ခါးတောင်းမကျိုက်မိအောင်၊ လူကဲ့သို့မဝတ်မိအောင် သတိပြုသင့်၏။)

(၁၀) မေး။ ဥစ္စာသယန ဟူသည် အဘယ်နည်း၊ ၎င်းတို့ကို အခါခပ်သိမ်း မသုံးဆောင်ကောင်းဟု မှတ်ရမည်လော၊ အပ်အောင် သုံးဆောင်နိုင်သော နည်းရှိလျှင်လည်း ဖော်ပြပါ။

ဖြေ။ အပေါင်အောက် ပကတိလူတို့ တထောင့်ထွာ ထက်အလွန် အခြေရှည်သော ညောင်စောင်း အင်းပျဉ်သည် ဥစ္စာသယနမည်၏၊ တတောင့် ထွာ တတောင့်ထွာအောက် အခြေဖြတ်၍ သုံးဆောင်လျှင်အပ်၏။

ခြသေ့်ရုပ်၊ ကျားရုပ် စသည်ဖြင့် အခြေတပ်သော ပလ္လင်၊ လဲသွတ်သော အခင်း, သားမွေးကော်ဇောတို့သည် မဟာသယန မည်ကုန်၏။ ပလ္လင်အခြေ၌ အရုပ်ကိုဖျက်၍၊ လဲသွတ်သော အခင်း၌ လဲထုတ်၍၊ သားမွေးကော်ဇောကို မြေ၌ ကြမ်း၌ ခင်း၍ သုံးဆောင်လျှင်အပ်၏။

---

## အမှတ် (၃)

မေး။ အဝန်းညီစွာ သင်းပိုင်ဝတ်ပုံ၊ သင်္ကန်းရုံပုံ၊ ရုံပုံတို့ကို ထင်ရှားပေါ်လွင်အောင် ပြဆိုပါ။

ဖြေ။ သင်းပိုင်ကို ဝတ်သောအခါ ဒူးအောက် လက်ရှစ်သစ်ခန့်ချ၍ ဒူးနှစ်ဘက်အဝန်းနှင့် ချက်အဝန်း ဤအဝန်းသုံးပါးကို ဖုံးလွှမ်းမိအောင် ဝတ်ရမည်၊ မဝတ်တတ်သေးလျှင် အပြစ်မရှိ၊ ဝတ်တတ်အောင် သင်ရမည်၊ မသင်ဘဲအမှတ်မဲ့ ချည်းဘဲဝတ်နေလျှင် အပြစ်ရှိသည်။ သလုံးမြင်းခေါင်း မတင့်တယ်မှု၊ အနာရှိမှု၊ နှိမ့်ချ၍ရင်း၊ မြှင့်တင်၍ရင်း ဝတ်နိုင်သည်။

ကိုယ်ဝတ် ကေစ္စိသင်္ကန်းကို အစွန်းနှစ်ဘက် ညီညီညာညာပြု၍ ဒူးအောက်လက်လေးသစ်ခန့် ချ၍ ဖုံးလွှမ်းပြီးရုံးရမည်၊ ရုံရမည်။

(၂) မေး။ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်သည် သင်္ကန်းရမ်းသည်ကို ဆိုလိုပါသလော၊ သို့မဟုတ် သင်္ကန်းရုံသည်ကို ဆို လိုပါသလော၊ သင်္ကန်းရုံရာ၌ ဖော်ထားရမည့် ကိုယ်အင်္ဂါနှင့် ဖုံးထားရမည့် ကိုယ်အင်္ဂါများကို ခွဲခြားပြပါ။

ဖြေ။ ဤသိက္ခာပုဒ်ကား အနားပတ်သီးတပ်၍၊ ကိုယ် ဝတ် သင်္ကန်းရုံခြင်းကို ဆိုလိုပါသည်၊ ဦးခေါင်း နှင့် တကွ နား, မေး တို့ကို ဖုံးကာမရုံရ ဦးခေါင်း, လက်, ခြေ တို့ကို ဖော်ထားရမည်၊ လည်ပင်းနှင့် လက်ကောက်ဝတ်များကို မပေါ် စေရ၊ ဖုံးထားရမည်။

(၃) မေး။ ဩက္ခိတ္တ စက္ခုသိက္ခာပုဒ်၏ လိုရင်းအဓိပ္ပါယ်ကို ရေး၍၊ လေးတောင်ထက် ပို၍ ကြည့်ကောင်း သော အခါကိုလည်း ဖော်ပြပါ။

ဖြေ။ ထမ်းပိုးတပြန်မျှ ဖြစ်သော လေးတောင်ခန့်ထက် ပို၍ မကြည့်ကောင်း၊ ဘေးရှိသောအခါ ဘေး ကင်းရာအရပ်ကို တနေရာ၌ ရပ်၍ကြည့်လျှင် ကြည့်ကောင်းသည် အပြစ်မရှိပါ။

(၄) မေး။ သင်္ကန်းကို ပင့်၍ မသွားရဟု ဆိုရာ၌ အဘယ် အထိပင့်မှ အပြစ်ရှိပါသနည်း။

ဖြေ။ ခါးအထက် ခါးပန်း စသည်ပေါ်အောင် ကော့စီ ကို ပင့်မြှောက်မှသာ အပြစ်ရှိပါသည်။

(၅) မေး။ ပြင်းစွာရယ်လျက် မသွားရဟု ဆိုသဖြင့် ရယ်စရာ တွေ့သောအခါ မည်ကဲ့သို့ ပြုရမည်နည်း။ လူတို့ရယ်ပုံ အမျိုးမျိုးကိုလည်း ဖော်ပြပါ။

ဖြေ။ ရယ်စရာကောင်းသော အာရုံကိုတွေ့သောအခါ ပြုံးရုံသာပြုံးရမည်၊ [သူမြတ်များကား မျက်စိပွင့်ရုံ၊ သွားပေါ်ရုံမျှသာရယ်သည်၊ သူလတ်များကား အသံညှင်းညှင်း ထွက်ရုံ၊ ဦးခေါင်း လှုပ်ရုံမျှသာ ရယ်သည်၊ သူယုတ်များကား မျက်ရည် ထွက်အောင်ငင်း၊ ကိုယ်ကို ပစ်လှဲ၍ငင်း ရယ်သည်။]

(၆) မေး။ ငယ်သောအသံ၊ ကျယ်သောအသံတို့၏ ပမာဏကိုငင်း၊ ရွာတွင်း၌ အသံကျယ်စွာ ပြောဆိုနိုင်သော အခါကိုငင်း ဖော်ပြပါ။

ဖြေ။ တဆယ့် နှစ်တောင် လောက်က နားထောင်၍ နားမလည်သော အသံသည် ငယ်သော အသံမည်၏။ တဆယ့်နှစ်တောင်လောက်က နားလည်သော အသံသည် ငယ်သောအသံမဟုတ်၊ အသံကျယ်မည်၏၊ အပြစ်ရှိသည် ပရိတ်ရွတ်ခြင်း၊ တရားဟောခြင်းတို့၌ကား ကျယ်သော်လည်း အပြစ်မရှိပါ။

(၇) မေး။ အဘယ်ကဲ့သို့ သွားသည်ကို ပဆ္စုံနင်း၍ (ဘဝါးဆုံနင်း၍) သွားသည်ဟု ခေါ်သနည်း၊ ရှင်းပြပါ။

ဖြေ။ ဖနောင့်ဖြင့်ငင်း၊ ခြေဖျားဖြင့်ငင်း ထောက်၍ သွားသည်ကို ပဆ္စုံနင်း၍(ဘဝါးဆုံနင်း၍)သွားသည်ဟု ခေါ်ပါသည်၊ ယင်းကဲ့သို့ မသွားရ။

(၈) မေး။ အာဟာရပဋိကူလသညာ (အာသေဝနဝတ်ဖွဲ့ပုံ) ဘယ်နှစ်မျိုးရှိသနည်း၊ သိသာအောင် ဖော်ပြပါ။

ဖြေ။ အာယောဂဝတ်ဖွဲ့ပုံ နှစ်မျိုးရှိပါသည်၊ ဒူးကိုသိုင်းလျက် လက်ချင်းယှက်ခြင်းသည် လက်အာယောဂပတ်မည်၏၊ ဒူးခေါင်းနှင့် ကျောက်ဆစ်တို့ကို အဝတ်ဖြင့် ရစ်သိုင်းခြင်းသည် ပုဆိုးအာယောဂပတ်မည်၏။

(၉) မေး။ ရိုသေစွာ ဆွမ်းကို မည်ကဲ့သို့ ခံယူရမည်နည်း၊ ရှင်းပြပါ။

ဖြေ။ စွန့်ပစ်လိုသော အလားကဲ့သို့ မပြုလုပ်ရ၊ သတိထား၍ ခံယူရမည်။

(၁၀) မေး။ ပဲနောက်ဟင်းနှင့် မျှလောက်ရုံသာ ဆွမ်းကို ခံယူရမည်ဟု ဆိုသဖြင့် ကြွင်းသောဟင်းများကိုကား များစွာလည်း ခံယူကောင်းသည်ဟု မှတ်ယူရမည်လော၊ ခံယူ၍ အပြစ်မရှိပုံများကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ လက်ကော်ရသော ပဲနောက်ဟင်း၊ ပဲကြီးဟင်း၊ ကုလားပဲဟင်းတို့ကိုသာ ဆိုလိုရင်းဖြစ်၏၊ ကြွင်းသောငါးဟင်း စသည်တို့ကိုကား များစွာလည်း ခံယူကောင်း၏၊ ဆွေမျိုးထံ၌ရင်း၊ ဘိတ်ကြားထားသော သူများထံ၌ရင်း၊ သူတပါးအလို့ငှာရင်း၊ မိမိဥစ္စာဖြင့်ရင်း များစွာခံယူသော်လည်း အပြစ်မရှိပါ။

## အမှတ် (၄)

(၁) မေး။ သပိတ်အနားရစ်နှင့် မျှလောက်ရှိသော ခံယူရမည် ဟု ဆိုရာ၌ သပိတ်၏ အမျိုးအစားကိုရင်း၊ ခံယူ ကောင်းသော ကာလိက, မခံယူကောင်းသော ကာလိကတို့ကိုရင်း ခွဲပြပါ။

ဖြေ။ ဤ၌ သပိတ်ဟူသည် အငယ်ဆုံး သုံးစလယ်ဝင်၊ အကြီးဆုံး သုံးပြည်ဝင်။ မဲနက်အောင်ဖုတ်၍ ကွဲပေါက် မထင်သဖြင့် အဓိဋ္ဌာန် တင်လောက် သော သပိတ်မျိုးကို ဆိုလိုသည်၊ ထိုသပိတ်မျိုး ဖြင့် ယာဝကာလိက ခဲဘွယ် ဘောဇဉ် ကိုသာ စုံ့စုံ့တက်အောင် မခံကောင်း၊ တပါးသော ကာလိကကိုကား ခံယူကောင်း၏၊ ထို့အောက် ငယ်သောသပိတ်၊ ထို့ထက်ကြီးသော သပိတ် ဖြင့် ယာမ ကာလိကကို ခံယူလျှင်အပ်၏။ (ဆွမ်း ထက်၌ တပါးသော သပိတ် တပါးသောခွက်၊ သပိတ်ဖုံးစသည်ထား၍ ခံယူလျှင်လည်းအပ်၏။)

(၂) မေး။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုစားရမည် ဟူသော သိက္ခာ ပုဒ်၏ လိုရင်း အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဆွမ်းစားသည့်အခါ တောင်တောင် မြောက် မြောက် မကြည့်ဘဲ မိမိစားခွက်၌သာ စိတ်ထား ၍ ဣန္ဒြေရရ စားရမည်။

(၃) မေး။ ဆွမ်းဦးမှနှိပ်၍ မစားရ ဟူသောစကား၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင်ပြဆိုပါ။

ဖြေ။ ဆွမ်းစားသော အခါ၊ ဆွမ်းဦး ဆွမ်းထိပ်ဖြင့်သော အလယ်တည့်တည့်မှ ယူ၍မစားရဟုဆိုလိုပါသည်။

(၄) မေး။ ကိုယ်ယောဂ္ဂမျှတံ သိက္ခာပုဒ်၌ များများကြီး အလိုရှိ၍ ဟင်းကိုဆွမ်းဖြင့်ဖုံးသောရဟန်း အပြစ်ရှိသောအခါ၊ အပြစ်မရှိသောအခါကို ခွဲပြပါ။

ဖြေ။ သေမည့် အခါ များ၌ များများအလိုရှိ၍ ပဏီတဘောဇဉ်မှတပါး ဟင်းကိုဖြစ်စေ၊ ငါးအမဲလက်သုတ်ဟင်းလျာကိုဖြစ်စေ ဆွမ်းဖြင့် မဖုံးလွှမ်းရ၊ ဖုံးလွှမ်းသော်အပြစ်ရှိသည်၊ သားကြီးငါးကြီးမပေါ်ရဟု ဆင့်ဆိုသောအခါ စသည်တို့၌ ဖုံးဝှက်၍ လှူတတ်ကုန်၏၊ ထိုသို့ပစ္စည်းရှင်တို့က ဖုံးဝှက်၍ လှူလျှင်အပြစ်မရှိ၊ အပ်သည်။

(၅) မေး။ ကြီးလွန်းသောဆွမ်းလုပ်၊ ငယ်လွန်းသောဆွမ်းလုပ်၊ စားကောင်းစားအပ်သော ဆွမ်းလုပ်တို့၏ ပမာဏကို အသီးသီးဖေါ်ပြပြီးလျှင် ဆွမ်းမှတပါး ခဲဖွယ်စသည်တို့၌ အပြစ်ရှိ၊ မရှိကိုလည်းပြဆိုပါ။

ဖြေ။ ဥဒေါင်းဥ အနေထက်ကြီးလွန်းသည်၊ ကြက်ဥအနေကား ငယ်လွန်းသည်၊ ၎င်းတို့၏ အလယ်အလတ်ဖြစ်သော ပမာဏလောက်ပြု၍ စားရ

သည်၊ ခဲဘွယ် သစ်သီး ကြီးငယ်၊ လက်သုတ် ဟင်းလျာများ၌ ကြီးသော်လည်း အပြစ်မရှိပါ။

(၆) မေး။ ပါးစပ်ထဲ ဆွမ်းလုပ်ရှိနေလျှင် ဘယ်အခါမျှ စကားမပြောရဟု မှတ်ရမည်လော၊ လိမ္မော်သီး စိပ်ကို မြှောက်၍စားသော သာမဏေအား အပြစ်ရှိ မရှိဆုံးဖြတ်ပါ။

ဖြေ။ ပါးစပ်ထဲ ဆွမ်းလုပ် ရှိနေသော်လည်း၊ ဆွမ်းအနည်းငယ်သာရှိ၍ ပီသအောင် ပြောနိုင်မူ ပြောကောင်းပါသည်၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ စားလျှင်သာ အပြစ်ရှိပါသည်၊ လိမ္မော်သီးစိပ် စသော သစ်သီးကြီးငယ်ခဲဘွယ်တို့၌ မြှောက်၍ စားသော်လည်း အပြစ်မရှိပါ။

(၇) မေး။ သဗ္ဗဟတ္ထံ၊ အသုံးစုံသော လက်ချောင်းကို ဟုဆိုသောကြောင့် လက်သုံးချောင်းကိုမျှ ခံတွင်းသို့သွင်းလျှင် အပြစ်မရှိဟု မှတ်ယူရမည်လော။

ဖြေ။ လက်ငါးချောင်းတို့တွင် တချောင်းကိုမျှ ခံတွင်းသို့မဝင်စေရ၊ ဝင်လျှင် အပြစ်ရှိပါသည်။

(၈) မေး။ ငါးခြောက်ကို သွားနှင့်ကိုက်ဖြတ်၍ စားသော သာမဏေ၊ သကြားလုံးကို မျောက်ကဲ့သို့ ပါးစောင်၌ထား၍ စားသောသာမဏေ၊ အမှိုက်ပယ်ရှားလို၍ ဆွမ်းစားရင်း လက်ခါသော သာမဏေတို့အား အပြစ်ရှိ မရှိပြဆိုပါ။

ဖြေ။ ဆွမ်းသုပ်မှတပါး ငါးခြောက်စသော ခဲဘွယ် သစ်သီးကြီးငယ်၊ လက်သုတ်ဟင်းလျာတို့ကို ကိုက် ဖြတ်၍ စားသော သာမဏေ၊ သကြားလုံး စသော ခဲဘွယ် သစ်သီးကြီးငယ်တို့ကို မျောက် ကဲ့သို့ ပါးစောင်၌ ထား၍စားသော သာမဏေ၊ အမှုက်စွန့်လိုခြင်းဖြင့် သက်ကိုခါသော သာမ ဏေတို့အား မပြစ်မရှိပါ။

(၉) မေး။ ဟတ္ထနိလ္လေဟကံ-သိက္ခာပုဒ်၏လိုရင်းအဓိပ္ပါယ်ကို ဖြေ၍၊ လက်ကိုလျက်၍ စားကောင်းသောနေရာ ဌာနကိုလည်း ညွှန်ပြပါ။

ဖြေ။ ဆွမ်းစားသောအခါ သက်လချောင်းကိုမျှပင် မလျက်ကောင်း လျက်လျှင် အပြစ်ရှိပါသည်၊ သို့သော် ပျစ်သောယာဂု၊ ပျားရည်၊ တင်လဲ၊ နို့ ဂဏာ စသည်တို့ကို သက်ချောင်းဖြင့်ကော်ယူ၍ ခံတွင်းသို့ သွင်း၍စားကောင်းသည်၊ ခံတွင်းသို့ လက်ကို သည့်ခြင်းကြောင့်၄င်း၊ လျက်ခြင်း ကြောင့်၄င်း အပြစ်မရှိပါ။

(၁၀) မေး။ ဆွမ်းလုံး စသည် ကပ်နေသော နှုတ်ခမ်းကိုလျှာ ဖြင့် မလျက်ကောင်းလျှင် မည်ကဲ့သို့ ပြုလုပ်ရ မည်နည်း။ လျက်ကောင်းသော အခါရှိလျှင် လည်းပြပါ။

ဖြေ။ နှုတ်ခမ်းချင်းဖြင့်သာယူ၍ ခံတွင်းသို့သွင်းရမည်၊ သွင်းကောင်းသည်၊ ပျစ်သောယာဂုစသည် ကပ် နေသော် လျှာဖြင့်လျက်ကောင်းပါသည်။

## အမှတ် (၅)

(၁) မေး။ ဆွမ်းအံ့ခါမိသ ပေနေသောလက်ဖြင့် သောက်ရေခွက်ကို ဘယ်အခါမှ မကိုင်ရဟု မှတ်ယူရမည်လော။

ဖြေ။ သက်ပေနေသော်သည်း ခွက်ကိုဆေးအံ့၊ ဆေးခိုင်းအံ့ဟု ကိုင်သော် ကိုင်ကောင်းသည်၊ အပြစ်မရှိပါ။

(၂) မေး။ ဆွမ်းလုံးပါနေသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်မသွန်ရဟု ဆိုသော်လည်း၊ စွန့်-ကောင်းသောနည်း ရှိကောင်းရှိပေမည်၊ ရှိလျှင်ညွှန်ပြပါ။

ဖြေ။ ဆွမ်းလုံးတို့ကို ရေမှထုတ်ယူ၍ တနေရာ၌ စုပုံထားပြီး၊ ရေသက်သက်ကို စွန့်သော်ရင်း၊ ဆွမ်းလုံးတို့ကိုချေ၍ ရေနှင့် အလားတူအောင်ပြုပြီးသွန်းလောင်းသော်ရင်း၊ထွေးခံ၌ထည့်သော်ရင်း၊ မြို့ရွာအပြင်ဘက်ရောက်မှ စွန့်သော်ရင်း အပ်ပါသည်။

(၃) မေး။ ထီးကို ပခုံး၌ချိတ်ထားသူအား တရားဟောကောင်းပါမည်လော။ တရားအရ အဘယ်တရားမျိုးယူရမည်ကိုလည်း ဖော်ပြပါ။

ဖြေ။ ထီးကို လက်၌ဖြစ်စေ၊ ကိုယ်၏ တစိတ်တဒေသ၌ဖြစ်စေ ထား၍ လက်ဖြင့်ကိုင်ထားသော် တရားမဟောကောင်း၊ လက်ဖြင့်ထီးမကိုင်ဘဲ ပခုံး၌

ချိတ်ထားသူအား တရားဟောကောင်းပါသည်၊ တရားအရ သံဂါယနာ သုံးတန်တင်အပ်သော ပါဠိ၊ အဋ္ဌကထာကိုယူ၊ မြန်မာစသော အခြားဘာသာဖြင့် ဟောမှုအပြစ်မရှိပါ။

(၄) မေး။ တောင်ဝှေး လက်၌ရှိသူအား တရားမဟောရဟု ဆိုရာ၌ တောင်ဝှေး၏ ပမာဏကိုပြ၍ လက်ဖြင့် မကိုင်ဘဲ အအိမ်သို့သွင်း၍ ခါးလွယ်ထားသူအား တရားဟောကောင်း မဟောကောင်း ဆုံးဖြတ်ပါ။

ဖြေ။ တောင်ဝှေး၏ ပမာဏကား မဇ္ဈိမလေးတောင်၊ ပကတိခြောက်တောင် ဖြစ်ပါသည်၊ လက်ဖြင့် မကိုင်ဘဲ အအိမ်သို့သွင်း၍ ခါးလွယ်ထားသူအား ဟောကောင်းပါသည်။

(၅) မေး။ လေး လက်၌ရှိလျက် တရားမဟောအပ်သူ၊ ဟောအပ်သူများကို ခွဲပြပါ။

ဖြေ။ မြှားနှင့်တကွသော လေး၊ လေးသက်သက်၊ မြှားသက်သက်၊ ညှို့ရှိသောလေး၊ မရှိသောလေးကို ကိုင်လျက် ရပ်သူ၊ ထိုင်သူအား၊ တရားမဟောအပ် လက်ဖြင့်မကိုင်မှု ဟောအပ်၏။

(၆) မေး။ ခြေနင်းနှင့် ဘိနပ်တို့၏ အထူးကိုရေး၍၊ ခြေနင်း ပေါ်နင်းထားပါလျက် တရားဟောကောင်းသူများကို ဖော်ပြပါ။

ဖြေ။ ခြေတို့ကိုစွပ်၍ နင်းသွားစရာ လုပ်ထားသော သစ်သား၊ ထန်းရွက်၊ မြက်ခြေနင်း စသည်ကို

"ပါဒုက ခြေနင်း" ဟု ခေါ်ပါသည်၊ သဲကြိုး တပ်ထားသော ဘိနပ်အမျိုးမျိုးများနှင့် နောက် ပိတ်ဘိနပ် စသည်များကို "ဥပါဟန ဘိနပ်" ဟု ခေါ်ပါသည်။

ရွှေ့ပြောင်း၍ မရစကောင်းသော ကျင်ကြီး အိမ်၊ ကျင်ငယ်အိမ်၊ သန့်သက်ရေအိမ်၊ ဤသုံးမျိုး ၌ရှိသော ခြေနင်းတို့ကို နင်းထားသူအား တရား ဟောကောင်းပါသည်။

(၇) မေး။ ယာဉ်ထက်၌ နေသူအား တရားမဟောအပ် ဟူသော သိက္ခာပုဒ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ အယုတ်ဆုံးအားဖြင့် ဖျက်ထားသော လှည်းဘီး လှည်းအိမ်ထက်၌ပင် နေသောသူအား တရား မဟောအပ်၊ ယာဉ်တခုတည်း၌ နှစ်ယောက် အတူနေလျက် ဟောမူ အပ်၏။

(၈) မေး။ သယနဂတ သိက္ခာပုဒ်၏ အဓိပ္ပါယ်ကို စိစစ် ပြပါ။

ဖြေ။ ပကတိ မြေပြင်၌ အိပ်နေသူကိုပင် မဟောရ၊ မြင့် မြတ်သောနေရာ, တူမျှသောနေရာ၌ အိပ်လျက်း အိပ်သောသူ, ထိုင်သောသူ, ရပ်သော သူများ အား တရားဟောကောင်းသည်။ ထိုင်လျက် အိပ် သောသူအား မဟောကောင်း၊ ထိုင်သူ, ရပ်သူ နှစ်ဦးအားသာ ဟောကောင်းသည်၊ ရပ်လျက် ရပ်သူအားသာ ဟောကောင်းသည်၊ ထိုင်သူ အိပ်သူအား မဟောမကောင်းပါ။

(၉) မေး။ ဦးရစ်ပေါင်းထားသူ ဟူသမျှအား တရားမဟော ကောင်းဟု မှတ်ရမည်လော၊ ရှင်းပြပါ။

ဖြေ။ ပုဝါ, ဦးထုပ် စသည်ဖြင့် ဆံပင်မပေါ်အောင် ရစ်ပတ် ဆောင်းထား သူကို တရား မဟော ကောင်း၊ ဆံစပေါ်အောင် ဖွင့်ခိုင်းပြီးမှ ဟော လျှင် ဟောကောင်းသည်။

(၁၀) မေး။ မြေပေါ်မှာ နေလျက် စက္ကူခင်း၍ ထိုင်နေသူ အား တရားဟောကောင်း ပါမည်လော။

ဖြေ။ မြေပေါ်မှာနေသော ရဟန်း, သာမဏေသည် စက္ကူမျှ အဝတ်မျှ မြက်မျှ ခင်း၍ထိုင်နေသူအား လည်း တရားမဟောကောင်းပါ။

---

## အမှတ် (၆)

(၁) မေး။ ရပ်လျက် ထိုင်နေသူအား တရားမဟောရဟု ဆို သောကြောင့် မထေရ်ကြီးက ထိုင်လျက် တရား စကား မေးလျှင် ရပ်နေသော မထေရ်ငယ်က ဖြေကောင်းပါမည်လော၊ ရှင်းပြပါ။

ဖြေ။ မထေရ်ကြီးကထိုင်လျက် တရားစကားမေးသော် လည်း ရပ်နေသော မထေရ် ငယ်က မဖြေ ကောင်း၊ မထေရ်ကြီးကို ထ၍ ရပ်၍ မေးပါ ဟူ၍လည်း မပြောကောင်း၊ အနားမှာ ရပ်နေ

သောသူအား ပြောမည်ဟု နှလုံးပိုက်၍ ဖြေဆို လျှင် အပ်၏။

(၂) မေး။ နောက်မှသွားလျက် ရှေ့မှသွားသူကို တရားဟော အပ်, မဟောအပ် ရှင်းပြပါ။

ဖြေ။ ရှေ့မှ နေသောသူက ပြဿနာ မေးသော်လည်း မဖြေဆိုကောင်း၊ မိမိနောက်လိုက်သောသူရှိလျှင် ထိုသူအား ဖြေဆိုမည်ဟု ဖြေလျှင်ကား ဖြေ ကောင်းသည်။ အတူတူသင်ယူအပ်သော ပါဠိမှ ကို သရဇ္ဈာယ်ခြင်းငှာလည်း အပ်သည်၊ ညီတူ သွားသောသူအားလည်း ဟောအပ်သည်။

(၃) မေး။ လမ်းဘေးမှသွားလျက် လမ်းပေါ်မှ သွားသော သူကို တရားမဟောကောင်းဟု ဆိုသော်လည်း ဟောကောင်းသော နည်းရှိလျှင် ညွှန်ပြပါ။

ဖြေ။ လှည်းလမ်း၌ ဘလမ်းစီဖြစ်စေ၊ လမ်းမဟုတ်သ ဖြင့် ဖြစ်စေ ညီတူ သွားသောသူအား ဟော ကောင်းပါသည်။

(၄) မေး။ စိမ်းသော မြက်သစ်ပင် ရှိရာ၌ ကျင်ကြီး, ကျင် ငယ်,တံတွေး စွန့်ကောင်းပုံ မစွန့်ကောင်းပုံများ ကို ဝေဖန်ပြပါ။

ဖြေ။ မြေမှပေါ်နေသော သစ်မြစ်၌ဖြစ်စေ၊ သစ်ခက် ၌ဖြစ်စေ မစွန့်အပ်၊ သစ်ကိုင်း၌ထိုင်၍ စိမ်းသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်အပ်၏၊ နေရာရှာ စဉ် အဆောတလျှင် ထွက်ကျသွားအံ့၊ လူနာ အရာ၌ ဘည်သောကြောင့် အပ်၏၊ စိမ်းသော

မြက်သစ်ပင် မရှိရာအရပ်၌ စွန့်လျက် စိမ်းသော မြက်သစ်ပင် ရှိရာသို့ စီးသွား လှမ်းမိုး သွားအံ့၊ အပြစ် မရှိ၊ (တံတွေး နှင့် နှပ်ကိုလည်း နည်း တူမှတ်။)

(၅) မေး။ သုံးဆောင် ကောင်းသော ရေ၊ မသုံးဆောင် ကောင်းသောရေများကို သိသာရုံ ခွဲပြ၍၊ ရေ ၌ ကျင်ကြီး စသည် စွန့်ကောင်းပုံကို ဖေါ်ပြပါ။

ဖြေ၊ အများသုံးဖြစ်သော တွင်းရေ၊ ကန်ရေ စသည် တို့ကား သုံးဆောင် ကောင်းသော ရေတည်း၊ ဝစ္စကုဋီ၊ သမုဒြာ စသောရေတို့ကား မသုံးဆောင် ကောင်းသော ရေတည်း။

မသုံးဆောင်ကောင်းသော ဝစ္စကုဋီ၊ သမုဒြာ စသော ရေတို့၌ စွန့်ကောင်းသည်၊ ရေကြီးသဖြင့် ရေပြင် အလယ်၌ ဖြစ်လျှင်လည်း စွန့်ကောင်း သည်။ ကြည်းကုန်း၌ စွန့်လျက် ရေသို့စီးသွား လှမ်းမိုးငြားအံ့ အပြစ်မရှိ၊ အပ်သည်။

(၆) မေး။ ရောက်လာကာစ အာဂန္တုကသည် ဘယ်အခါ ကျမှ အာဝါသိက အလားတူ ဘိနပ်စီးခြင်း စသည်ကို ပြုအပ်ပါသနည်း။

ဖြေ။ ရောက်လာကာစ အာဂန္တုကသည် အာဝါသိက ကိုနေရာ ချထား၍ နေရာရပြီးမှ၊ အာဝါသိက အလားတူ ဘိနပ်စီးခြင်းစသည်ကိုပြုအပ်ပါသည်။

(၇) မေး။ ဝစ္စကုဋီဝတ်၌ မအပ်သော ကျင့်ဝတ်များကို ဖေါ်ပြပါ။

ဖြေ။ မအပ်သော ကျင့်ဝတ်များကား လျင်စွာမဝင်ရ၊ ညည်းတွားပြီး မစွန့်ရ၊ ဒန်ပူခဲလျက်မစွန့်ရ၊ ခွက်မှအပ၌ မစွန့်ရ၊ ကျင်ငယ်တွင်း အပ၌ ကျင်ငယ် မစွန့်ရ၊ ကျင်ကြီးတွင်း ကျင်ငယ်တွင်း၌ တံတွေးမထွေးရ၊ ကနုတံကို ကျင်တွင်း၌မချရ၊ သင်းပိုင်ကိုပင့်၍ မထွက်ရ၊ စပ်စပ်အသံပြု၍ သန့်သက်ရေ မဆေးရ၊ သန့်သက်ခွက်၌ ရေကြွင်း မထားရ တို့ဖြစ်သည်။

(၈) မေး။ မအပ်သော ကနုတံများကို ဖော်ပြပါ။

ဖြေ။ မအပ်သော ကနုတံ(၆)ချောင်း ရှိပါသည်။

(၁) ကွဲသော ကနုတံ။
(၂) ကြမ်းသော ကနုတံ။
(၃) အဆစ်အပုရှိသော ကနုတံ။
(၄) ဆူးရှိသော ကနုတံ။
(၅) အခေါင်းအပေါက်ရှိသော ကနုတံ။
(၆) ပုပ်ဆွေးသော ကနုတံ။

(၉) မေး။ ပိဋကစာရိကာဝတ်၌ အကျွမ်းတဝင် သုံးမခံကောင်းသော အိမ်(၆)အိမ်ကို ဖော်ပြပါ။

ဖြေ။ အကျွမ်းတဝင် သုံးမခံကောင်းသော အိမ်(၆) အိမ်ကား—

(၁) သေတင်းကုပ်။ (၄) အပျိုကြီးအိမ်။
(၂) ပြည့်တန်ဆာမအိမ်။ (၅) ပဏ္ဍုက်အိမ်။
(၃) မုဆိုးမအိမ်။ (၆) ဘိက္ခုနီမကျောင်း။

(၁၀) မေး။ ဆရာလေးပါးနှင့် တပည့်လေးပါးကိုဖော်ပြပါ။

ဖြေ။ ဆရာလေးပါးကား—

(၁) ရှင်ပြု ပေးသော သရဏဂုံ ဆရာဟူသော ပဗ္ဗဇ္ဇာစရိယ။

(၂) ရဟန်းခံသော ကမ္မဝါစာ ဆရာဟူသော ဥပသမ္ပဒါစရိယ။

(၃) စာသင်ပေးသော စာချ ဆရာ ဟူသော ဥဒ္ဒေသာစရိယ။(ဝါ)ဓမ္မာစရိယ။

(၄) မှီခို၍ နေရာ နိဿယည်း ဆရာ ဟူသော နိဿယာစရိယ။

တပည့်လေးပါးကား—

(၁) သရဏဂုံ ယူနေသော ပဗ္ဗဇ္ဇန္တေဝါသိက တပည့်။

(၂) ရဟန်း ခံယူသော ဥပသမ္ပဒန္တေဝါသိက တပည့်။

(၃) ပါဠိသင်ယူနေသော ဥဒ္ဒေသန္တေဝါသိက တပည့်။

(၄) နိဿယည်း ယူနေသော နိဿယန္တေဝါသိက တပည့်။

ရှင်ကျင့်ဝတ် အမေးအဖြေ ပြီး၏။

# ရှင်မဟာသီလဝံသ ဆုံးမခန်း

၁။ တိလောကဟု၊ မရနိုင်းတူ၊ ဘက်မပြူသည်၊ သုံးဆူရတနာ၊ မာတာပီတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရှိသေလေ့စေ၊ သာမဏေကာ၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သွေ့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်းကြပ်ကြပ်၊ စွဲ၍မှတ်။

၂။ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍၊ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမပျက်၊ မျက်သစ်ဒန်ပူ။လုံ့လထူသည်၊ ယူ၍မပြတ်၊နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ ဖြစ်လျှင်မဖွယ်၊ မသပ္ပါယ်သော်၊ လယ်၍မပြတ်၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ခေါင်ငင်ညီညွတ်၊သွား၍ခပ်။

၆။ နေ့ညနံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ခင်းလာယူခြား၊ သွင်းခေါက်ထား။

၇။ သက်နိုး သပိတ်၊ ပရိက္ခရာ၊ထသွားခါသော်၊ ယူရာသည်များ၊ ပြင်၍ထား။

၈။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်လှမ်းယူ၊ဝတ်သက်နိုးကို၊ချွေးစွန်းမူကား၊ နေပူဖြန့်လှန်း၊ သွင်းခေါက်ထား။

၉။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွဲဖယ်မသွား၊ ယပ်လေခပ်၍နေထံပါး။

၁၀။ ကိုယ်လက်ဖိန်း၍၊ ကိန်းစက်ပျော်ကာ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊ တဖောင်ဖောင်နှင့်၊ ခေါင်ခေါင်ကြမ်းကိုမနှင်းနှင့်။

၁၁။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ဘဲ၊မတ်တတ်ကြွားတား၊ တိုး၍မသွားနှင့်။

၁၂။ စားဘွယ်-သောက်ရာ၊ ကပ်သောအခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေညွှတ်၊ချဉ်း၍ကပ်။

၁၃။ ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမည်လားဟု စကားသည့်နှယ်မမေးနှင့်။

၁၄။ မိဦး-ဘဦး၊ ဆရာဦးကို၊ ခူး၍အလျင်မစားနှင့်။

၁၅။မိဘဆရာ— သားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊မယူယယ်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ တောင်းပါကြ။

၁၆။သပိတ်-ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းပျပ်ကုံး၊ ပွတ်တုံညစ်ကြေး၊ မှုမတင်အောင် စင်စင်ဆေး။

၁၇။ ကျောင်းတွင်-အိမ်တွင်၊ မသင့်မြင်သော်၊ယှင်ငင်သိမ်းဆဲ၊ အထဲသို့ငြား၊ ကောင်းကောင်းထား။

၁၈။ အမှုနည်း- များ၊ခန့်ထားဖြစ်ပေါ်၊ ဘခွန်းခေါ်က။ ကြားသော်ခဏ၊ ချဉ်းကပ်ကြ။

၁၉။ ကိစ္စရှိထွေ၊ သွားပါစေသော်၊ လျင်ထွေခဏ၊ လာပါကြ။

၂၀။ တပိုတပါး၊ သွားကြလိုသော်၊ ဆရာကိုပန်မှ၊သွားပါကြ။

၂၁။မိဘဖူးမြင်၊ ရွာသို့ဝင်လည်း၊ ခြေမြင်လက်မြင်၊ ချိန်ခါတွင်၌၊ လျင်လျင်ခဏ၊ပြန်ပါကြ။

၂၂။ အိမ်တွင်–ကျောင်းတွင်၊ ဖျားနာကျင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၃။ သီတင်းသုံးချင်း၊ ချစ်ခင်ပြင်း၍၊ ပဉ္စင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ဆရာကိုအဘ၊ မှတ်ပါကြ။

၂၄။ အသက်ကြီးငယ်၊ ဝါကြီး-ငယ်ကို၊ လွဲဖယ်နှိမ်ချ၊ ရိုတုပ်ကြ။

၂၅။ ကြီးသူခေါ်က၊ ကြွကြွလည်းသာ၊ ဖျာဖျာကျွန်ုပ်၊ လက်အုပ်ချီကြ၊ ပြန်ကုန်ကြ။

၂၆။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ အလွန်မှောင့်၍၊ တဆောင့်စကား၊ မပြောနှင့်။

၂၇။ လှူဘွယ်ဒါန်းဘွယ်၊ ရောက်လာဝယ်သည်း၊ လဲလှယ်ခဏ၊ သူ့ခွက်ယောက်ကို၊ ပေးလိုက်ကြ။

၂၈။ ဆေးနှင့်မီးလျှင်၊ ညှော်သည်မြင်သော်၊ အလျင်တော၊ တည်ပါကြ။

၂၉။ မင်းသွားငါသွား၊ အချင်းများ၍၊ စကားဘောက်ဆတ်၊ မဆိုအပ်။

၃၀။ မပြက်မချော၊ ဆူလှုယ်လာ၍၊ ဆရာထံပါး၊ စေစားလိုရ၊ နေပါကြ။

၃၁။ ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်ဖြူးနှင့်ဖျာ၊ လာ၍ဖြဖြ၊ ခင်းကုန်ကြ။

၃၂။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ မြဲအောင်နေ။

၃၃။ တပြည်တရွာ၊ သွားသောခါလည်း၊ ကောင်းစွာရုံဝတ်၊ ကိုယ်ရှိန်သတ်၍၊ နေတတ်ကြ။

၃၄။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွတစေ၊ လွန့်သိမ်မွေ့သည် ငြိမ်ငြိမ်နေ။

၃၅။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးတွင်၊ အခြား ဘောက်ပြန် မကျင့်နှင့်။

၃၆။ တံစိုစိစိ၊ တဟီဟီနှင့်၊ ကျီစားရှဲလည်း မနေနှင့်။

၃၇။ အယုတ်ညစ်အား၊ မဆဲငြားဘဲ၊ ခံသည်းမြဲနှင့်၊ နင်ဘဲ ကိုမျှ မဆိုနှင့်။

၃၈။ ရန်စရှုတ်ရှဲ၊ ရှောင်လွှဲဖယ်ငြား၊ သတ်မည်လားနှင့်၊ လက်ဖျားကိုမျှ မထိနှင့်။

၃၉။ ချစ်ခင်ရှိသေ၊ သင့်ကာတ်စေ၍၊ မအေ-ဘရင်း၊ တ ဝမ်းတွင်သို့၊ သားရင်းသို့ပ၊ မှတ်ပါကြ။

၄၀။ သင်္ကန်းအဝတ်၊ ချွတ်ကာပစ်လေ၊ မရှိသေဘဲ၊ ဇာ လေကဝ၊ မာဒုတ်ချဘဲ၊ သူ့အဝတ်ကို မဝတ်နှင့်။

၄၁။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ကြည့်ကြလျက် သာ၊ မနေရာသည်၊တတ်ပါသမျှ၊ လုပ်ဆောင်ဆိုက၊ညီညာကြ။

၄၂။ ဆရာနေခင်း၊ အင်းပျဉ်သောင်စောင်း၊လည်းလျှောင်း ဘုံသျှိ၊ ထိုထိုသက်မှာ၊ မနေရာ၊ မြင့်ရာမသင့်မနေနှင့်။

၄၃။ ရှေ့ကစူးစူး၊ ဒူး-လက်ကိုထောင်၊ ထိုင်ဆောင့် ကြောင်နှင့်၊ ပေါင်လက်ကားယား၊ အပါးကြပ်ကြပ်၊မနေအပ်။

၄၄။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားဘယ်၊ အ ခြားအရာ၊ သုံးသည်မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်။

၄၅။ ရဟန်းသံဃာ၊ အရိယာကို၊ သာမဏေက၊ သူငယ် စသား၊ တပည့်များတို့၊ ကြို့ကြို့ငဲ့ငဲ့၊ တုဘက်မဆို၊ ရိုသေ လှစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့၊ ရှောင်ကြောက်စေ။

၄၆။ မွေတော်-ဓါတ်တော်၊ ရုပ်တုတော်ကို၊ ပူဇော်မပြတ်၊ ရွှေကျောင်းဦးမှာ ဖြည့်ကြဝတ်။

၄၇။ နံနက်မိုးသောက်၊ အချိန်ရောက်လျှင်၊ လက်အုပ်တင်ထား၊ ဘုရားတရား၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လှ၊ ဆောက်တည်ကြ။

၄၈။ ခါခါသည်စာ၊ သည့်ဂါထာကို၊ မြဲစွာကျက်မှတ်၊ ဆရာအပ်သည်၊ တတ်ပါစေချင်၊ ငါ့ကိုသင်ဟု၊ စိတ်တွင်လည်းရှက်၊ လျင်လျင်ရအောင် ကိုး၍ကျက်။

၄၉။ အချိန်တန်၍၊ စာဆိုအံလျှင်၊ မအံ့တာ၊ အံ့တခါနှင့်၊ မျက်နှာတပါး၊ စာတခြားနှင့်၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း၊ မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်င။ သင့်ပုန်း-ပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နပန်းဆံနှင့်၊ နောက်ဆံထည်းသား၊ ဆံဖါးလျားနှင့်၊ ဖြူထွားခေါင်းပေါင်း၊ နားဒေါင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ နံ့သာလိမ်းကျံ၊ ဟန်ပန်ရူပ၊ ခုန်ကမြူးရှင်၊ ရွှေငွေဆင်၍၊ ရှင်တို့သည့်နှယ် မကျင့်နှင့်။

၅၂။ သင်္ကန်းမှာလည်း၊ ပိန္နဲအပြင်၊ လှေစချင်၍၊ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နှင်းဆီးကို မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမှုခပါဌ်၊ ရှင့်ကျင့်ဝတ်ကို၊ စောင့်ကြမြဲထွေ၊ ညီလှစေ။

၅၄။ မပြတ်အသံ၊ တညံညံနှင့်၊ စာအံစာဘတ်၊ ကျက်မှတ်မြဲမြဲ၊ သည်လဲညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ၊ ပြီသစေ။

၇၆။ မိထံ-ဘထံ၊ အိမ်သို့ပြန်သော်၊ ဆရာကိုလျှင်၊ တိုင်ပင်ပြီးကာ၊ ဝန္ဒနာပဥ္စ၊ ဦးနှိမ်ချ၍၊ ပြန်ပါကြ။

၇၇။ မတိုင်မဆို၊ အလိုလိုသာ၊ သွားလေပါမူ၊ ပြန်ကာရိုက်လေ၊ ညက်ညက်ကြေမည်၊ သားရေသာလွှမ်းတော့၊ မင်းတို့ကျော။

၇၈။ သားတို့မှာလည်း၊ ပညာလိုချင်၊ ကျောင်းကန်ဝင်သော်၊ မသင်တခါ၊ သင်တခါနှင့်၊ မလာတနေ့၊ လာတနေ့နှင့်၊ ဆို၍မနိုင်၊ ဖျင်းခေါင်တိုင်သည်၊ တွေ့မြင်လျက်သာ၊ နေ့ရက်ကြာလျှင်၊ တခါရိုက်လေ၊ ညက်ညက်ကြေမည်၊ သားရေသာလွှမ်းတော့ မင်းတို့ကျော။

၇၉။ ဆရာမြွက်မှန်၊ သီလဝံသ၊ ထေရအကျော်၊ မိန့်တော်နှုတ်နက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိဂါထာဖြင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်ဘွယ်၊ များသူငယ်မှာ၊ လွယ်ပါစေကြောင်း၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်းမှတ်စေကုန်သတည်း။

ရှင်မဟာသီလဝံသ ဆုံးမစာ ပြီးပြီ။

# ထွက်ပေါ်လာတော့မည်

သာသနာသက္ကရာဇ်နှစ် ၂၁၈၂ – ခု၊ ဂေါဇာသက္ကရာဇ် ၁၀၀၀၀၊ တပေါင်းလ၌ တိပိဋကာ လင်္ကာရ တောင်ဘီလာ-ဆရာတော်ကြီး တောင်ဘီလာ တောင်ထိပ်၌ ပဌမ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် သံသိက အဖြစ်ဖြင့် ကထိန်ခံတော်မူပုံမှစ၍ ကထိန် အကြောင်းစုံ သိကောင်းစရာ အဖုံဖုံကို မြန်မာစကားပြေ သက်သက်တွင် ပါဠိ၊ အဋ္ဌကထာ ကျမ်းကြီး ကျမ်းခိုင် ကိုးကားချက်များနှင့် အမေး အဖြေ ဖြည့်စွက်ကာ ရေး-ဆရာတော်ကြီးတပါး ရေးသား စီရင် တော်မူခဲ့သည့် -ပေမူမှ ကူးယူ ရိုက်နှိပ်မည့်-

## ကထိန ဒီပနီ ခေါ်

# ကထိန် အလင်းပြ ကျမ်းကြီး

မကြာမီ ရိုက်နှိပ်ပါတော့မည်။


ပညာ့ဂုဏ်ရည် စာပေ

၄၅၅၊ ကောလိယလမ်း၊ (၁၃) ရပ်ကွက်၊
တောင်ဥက္ကလာပ။
ရန်ကုန်မြို့။

# အလိမ္မာ စာမှာရှိ

# ကြည့်ရှုဘိ ကျမ်းသွယ်သွယ်

မိတ်ဆွေများအတွက်

နာနာဂန္ထ လောကီ, လောကုတ္တရာ

ကျမ်းစာအမျိုးမျိုးတို့ကို

မှန်ကန်သောအဘိုးနှုန်းနှင့် ရနိုင်ပါသည်။

ရပ်ဝေးနေမိတ်ဆွေများအတွက်

စာတိုက်မှ ဗီ-ပီ-ပီ ဖြင့် ပို့ပါသည်။

ဦးစံကြည်-ဒေါ်သောင်းကြည်

ပညာ့ ဂုဏ် ရည့် စာ ပေ တိုက်

၄၅၅-ကော်လိယလမ်း၊

(၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပ

ရန်ကုန်မြို့။

---

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်အုံးမြိုင် (မြဲ-၀၁၅၇၆/၀၁၁၄၈)
ကာယသုခပုံနှိပ်တိုက်နှင့် စာပေတိုက်၊ အမှတ် ၁၄၁၊
၃၁-လမ်း၊ ရန်ကုန်မြို့။